မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၅ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်းထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၂၃ ရက်)

မြန်မာ-ကမ္ဘောဒီးယား ချစ်ကြည်ရင်းနှီးမှု အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ပိုမိုဖြစ်ထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် မေလ ၂၁ရက်နေ့က နေပြည်တော်သို့ ရောက်ရှိခဲ့သည်။

ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလနှင့် ၂၀၀၃ခုနှစ် နိုဝင်ဘာလများကလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့ဖူးသည်။

မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအဖြစ် ဘက်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-ဗီယက်နမ်-လာအို ငါးနိုင်ငံပါဝင်သည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ဝင်များအဖြစ် စီးပွားရေးအရ ရင်းနှီးစွာ ဆက်ဆံနေကြသည့် နိုင်ငံများလည်း ဖြစ်ကြသည်။

မြန်မာနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် ကဏ္ဍများတွင် ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလုပ်ငန်းများလည်း ပါဝင်သည်။ ယခုချစ်ကြည်ရေး ခရီးစဉ်တွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလျက်ရှိရာ နှစ်နိုင်ငံကုန်သွယ်ရေး ဆက်ဆံမှုမှသည် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	(၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာတရားတော် (အပိုင်း-၂) (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၇:၅၅	အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	Midweek Sports News
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	International Video Topics (ကမ္ဘာ့အကြီးစား လေယာဉ်ကြီးများ)
၉:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅	လမ်းပြကြယ်များ
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ဖူးမြော်ပူဇော် မြသလွန်စေတီတော်
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	ထူးခြားဆန်းကြယ်သောတောအုပ်ကလေး
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ကလေးများနှင့် ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	သဘာဝအလှ သနပ်ခါးက
၁၁:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၅	Seminar on Tourism Development of Ngwe Saung Beach
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	ရွှေလီတံတား
၁၂:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၅၅	ရသာထူးကဲ နို့မလိုင်ခဲ
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဗိုလ်လုပွဲ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၁၂:၃၀	Liverpool-AC Milan	5-Sports (Live)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အလင်းသစ်စာကြည့်တိုက်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်သာအေး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နေပြည်တော် မေ ၂၂

စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အလှူရှင် အမျိုးသားညီလာခံကိုယ်စားလှယ် ဦးတင့်နိုင်၊ မုံရွာမြို့နယ်အသင်း အတွင်းရေးမှူးနှင့် မုံရွာတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**တိုင်းမှူး ဗိုလ်ချုပ်သာအေးက စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး တိုင်းမှူးက စာကြည့်တိုက်အတွက် စာအုပ်များကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အသင်းသားများသို့ တာဝန်ပေး အသိအမှတ်ပြုလွှာများနှင့် စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လာရောက်ဖတ်ရှုနိုင်

ယနေ့ဖွင့်လှစ်သော စာကြည့်တိုက်အဆောက်အအုံမှာ သွပ်မိုး၊ နံကပ်အဆောက်အအုံဖြစ်ပြီး အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေကျပ် ၅၃ သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ရာ သုတ၊ ရသ စာအုပ်များနှင့် ဂျာနယ်မျိုးစုံကို စနစ်တကျ ထိန်းသိမ်းထားရှိ၍ စာပေဝါသနာရှင်များလာရောက်ဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

ကွန်ပျူတာသင်တန်းဆင်း

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ချောင်းဦးမြို့နယ် အမြင့်စံပြကျေးရွာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်သည်သင်တန်းခန်းမအတွင်း သင်တန်းသား သင်တန်းသူများ၏ ကွန်ပျူတာကျွမ်းကျင်မှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကျောင်းခန်းမအတွင်း ဒေသခံပြည်သူများကို တွေ့ဆုံမှာကြားပြီး နှစ်ထပ် ကျောင်းဆောင်သစ်အတွက် သွပ်အချပ် ၄၀ နှင့် ဘိလပ်မြေအိတ် ၅၀၊ အားကစား ပစ္စည်းများ၊ ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်ကြားပေးခဲ့

အမြင့်စံပြကျေးရွာ အထက်တန်းကျောင်း၌ ကွန်ပျူတာခြောက်လုံးဖြင့် ကျောင်းသားလူငယ် ၅၃ဦးအား ကွန်ပျူတာအခြေခံပညာရပ်များ သင်ကြားပေးခဲ့သည်။

ဗဟိုအလုပ်အမှုဆောင်သည်နံနက်ပိုင်းတွင် ချောင်းဦး မြို့နယ် အသင်းရုံး၌ ချောင်းဦးမြို့နယ် အသင်း၏ ပူးပေါင်းကူညီမှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် တက္ကသိုလ်ရိပ်မွန်အိမ်ရာနေ ဗိုလ်မှူးကြီးစိုးမင်း(ငြိမ်း)-ဒေါ်ညွန့်ညွန့်ဝင်း မိသားစုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany လည်း တက်ရောက်သည်။

(သတင်းစဉ်)

ဒေသစီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကို မှန်မှန်ကန်ကန်လေ့လာပြီး ထိရောက်စွာဆောင်ရွက် မိုးစပါးစိုက်ဧကနှင့် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအလေးထား ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ စွမ်းအားပြည့်ဖော်ဆောင်

နေပြည်တော် မေ ၂၂

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၉ ရက် နံနက် ၇ နာရီခွဲတွင် နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်အောင် ပိုင်းဝန်းဆောင်ရွက်ရေး၊ မိသားစုများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရေး၊ မိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများကို တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို အကျယ်တဝင့်မှာကြားပြီး တပ်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ မြို့တော်ခန်းမ၌ မကွေးတိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။

ရှေးဦးစွာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံမော်နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရတို့က ခရိုင်အတွင်း မြို့နယ်များ၏ ဒေသဖွံ့ဖြိုးမှုဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်းအတွင်း ခရိုင်နှင့်မြို့နယ်များ ဖွဲ့စည်းပါဝင်မှု၊ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေနှင့်သယံဇာတအခြေအနေ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မကွေးတိုင်းအတွင်း နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သည့် တံတားကြီးများ၊ လေယာဉ်ကွင်းများ၊ မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆည်၊ ကန်၊ တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ပေးမှုအခြေအနေများနှင့် ကြခင်း-သရက်-ပခုက္ကူ မီးရထားလမ်း ဖောက်လုပ်ဆောင်ရွက်နေမှုများကြောင့် မကွေးတိုင်းအနေဖြင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရှိလာပြီဖြစ်ကြောင်း။

အလေးထားထိန်းသိမ်း

အထူးသဖြင့် စပါး တိုးချဲ့စိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ တိုးချဲ့ရှာဖွေပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းအနေဖြင့် ခြစ်စည်းရိုးကြက်ဆူဧကငါးသိန်းပြည့်မီရေးအတွက် ယခုနှစ်တွင် လျာထားစိုက်ပျိုးနေသည်ကို တွေ့ရကြောင်း၊ ဧကငါးသိန်းအား အနိမ့်ဆုံးရည်မှန်းချက်ထားပြီး ပိုမိုတိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ အလားတူ မကွေးတိုင်းအနေဖြင့် သစ်ပင်စိုက်ပျိုးရေးတွင် အစဉ်အလာရှိနာမည်ရရှိသည့် တိုင်းတစ်တိုင်းဖြစ်၍ ထပ်မံ တိုးချဲ့စိုက်ပျိုးသွားရန်နှင့် ယခင် ရှင်သန်ခဲ့ပြီး အပင်များကိုလည်း အလေးထား ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဒေသစီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့၏ ပကတိအခြေအနေကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြီး ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မိုးစပါးစိုက်ဧက ၁၀ သိန်းပြည့်မီရေးနှင့် ဒေသ ဝမ်းစာဖူလုံရေး၊ အဓိကသီးနှံ(၁၀)မျိုး ပန်းတိုင်အထွက်နှုန်းပြည့်မီရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ တိုးတက်အောင်မြင်အောင် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက် ဖိဖိစီးစီး တက်ညီလက်ညီဝိုင်းဝန်း၍ စွမ်းအားပြည့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလေးထား မှာကြားလိုကြောင်း မှာကြားပြီး အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြစ်စည်းရိုးကြက်ဆူပင်များကို မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ နည်းပြများအား ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ၏ ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ် ဘက်စုံခန်းမ အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဌေးအောင်က မကွေးတက္ကသိုလ်၏ သင်ကြား/စီမံကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဦးစောသိန်းက ဘက်စုံခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး မကွေးတက္ကသိုလ် ဘက်စုံခန်းမ တည်ဆောက်နေမှုများ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပင်မ ဘက်စုံခန်းမဆောင်မှာ လူ ၁၂၀၀ ဆံ့ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံပါရှိပြီး ဝဲ/ယာ၌ လူ ၃၀ ဆံ့ နှစ်ထပ်စာသင်ဆောင် စာသင်ခန်းမ ရှစ်ခန်းပါရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မြို့ရောင်လမ်းဘေး ဝဲ/ယာ၌ စိုက်ပျိုးထားသော ဌာနဆိုင်ရာ ခြစ်စည်းရိုးကြက်ဆူပင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မကွေးမြို့ မြို့ရောင်လမ်းဆုံ၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ခြစ်စည်းရိုးကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခြစ်စည်းရိုးကြက်ဆူပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့စိုက်ပျိုးသည့် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် ခြစ်စည်းရိုးကြက်ဆူပင် ၃၆၀၀ စုပေါင်း စိုက်ပျိုးခဲ့ကြောင်းနှင့် ယနေ့အထိ မကွေးတိုင်းအတွင်း ခြစ်စည်းရိုးကြက်ဆူ စုစုပေါင်း ၃၃၀၆၂၄ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

နှမ်းစပါးစိုက်ခင်းစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားပြီး ဧရာဝတီမြစ်ရေကို ပင်မရေကန်သို့ ရေတင်စက်ကြီးများဖြင့် ရေစုပ်တင်နေမှု၊ ပင်မမြောင်းအတွင်း ရေပို့လွှတ်နေမှု အခြေအနေများနှင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုတီးကုန်းကျေးရွာအုပ်စု၏ ယာမှ လယ်ပြောင်းလယ်မြေဧက ၃၀ တွင် နှမ်းစပါး စိုက်ပျိုးအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဖန်းဆိပ် မြစ်ရေတင် ရေမြောင်းဘေးတစ်လျှောက် နှမ်းစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မျိုးသန့်စံပြစိုက်ကွက် နှမ်းစပါးဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြသည်။ သဖန်းဆိပ် ပင်မမြောင်းမှ ရေပေးဝေနေမှုနှင့် ဧက ၁၀၀ စိုက်ခင်းအတွင်း နှမ်းစပါးများ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ အဆိုပါ သဖန်းဆိပ် မြစ်ရေတင်စီမံကိန်းတွင် ယခင်နှစ် နှမ်းစပါး ၄၅၀ ဧက စိုက်ပျိုးခဲ့ပြီး လာမည့်နှစ်တွင် ထပ်မံတိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးမြို့ နယ်မြေခံတပ်ရင်း ခြစ်စည်းရိုးကြက်ဆူ ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ တာဝန်ခံအရာရှိက တပ်ရင်း၌ ယခင်နှစ်က ခြစ်စည်းရိုးကြက်ဆူ ဧက ၁၀၀ စိုက်ပျိုးထားရှိမှု၊ ရှင်သန်မှု အခြေအနေနှင့် ယခုနှစ်အတွက် ပျိုးပင် ၃၅၀၀၀ ပင် ပျိုးထောင်ထားမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြစ်စည်းရိုးကြက်ဆူပျိုးဥယျာဉ်နှင့် ခြစ်စည်းရိုးကြက်ဆူ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို မေ ၄ ရက်က အမှတ်(၈)ရပ်ကွက်၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန့်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပုံပြင် မဟုတ်ပါ

ကျွန်တော် ပုံပြောနေသည်ဟု မထင်စေလိုပါ။ အမှတ်မထင် ကြုံတွေ့ခဲ့ရသော အဖြစ်ကလေးဖြစ်ပါသည်။ မြန်မာ့စိတ်ထား၊ မြန်မာ့ နှလုံးသားကို ပေါ်လွင်စေလှ၍ တင်ပြမိပါသည်။ ဟိုပြောသည်ပြော ပြောစကားများနှင့် ကွာခြားလှ၍ ယုံချင်မှလည်း ယုံကြပါလိမ့်မည်။ သို့သော် ကာယကံရှင်တို့မှာ ယခုရှိနေ၍ သွားရောက်စုံစမ်း မေးမြန်း ကူညီနိုင်ကြပါသည်။

ကျွန်တော်၏ ဒုတိယသမီး လည်ပင်းတွင် အကျိတ်ကလေးများ ပေါ်လာပါသည်။ မနာမကျင်မို့ ကျွန်တော်တို့ စိုးရိမ်ကြပါသည်။ အိမ်နားမှ ကျန်းမာရေးဆရာမကလည်း ဆရာဝန်နှင့်ပြရန် တိုက်တွန်းပါသည်။ ထို့ကြောင့် အင်းစိန်မှ နာမည်ကြီးပုဂ္ဂလိကဆေးခန်းတစ်ခုသို့ သားအဖ၊ သားအမိသုံးယောက် ချီတက်ခဲ့ကြသည်။ ကားခ သုံးယောက်စာ လက်မှတ် စမ်းသပ်ခ ၂၇၀၀ိ ဆိုတော့ သင်္ကြန်အတွက် ရထားသော ဘောနပ်စ်ကလေး တော်တော် ချောသွားပါသည်။

ဆရာဝန်ကြီးက စမ်းသပ်ကာ Biopesy ခေါ် စမ်းသပ်ချက် လုပ်သင့်ကြောင်း၊ ထိုအဖြေပေါ်မှ အတိအကျသိနိုင်ကြောင်း ပြောပြသည်။ ကုန်ကျစရိတ်ကို မေးကြည့်ရာ အနိမ့်ဆုံး သုံးသောင်းခွဲခန့်ရှိနိုင်ကြောင်း သိရပါသည်။

ကျွန်တော့်ထံတွင် ထိုမျှပါမသွား၍ နောက်နေ့မှလာရန် တိုင်ပင်ပြီး အိမ်ပြန်ခဲ့ကြသည်။ ကင်ဆာများဖြစ်မလား စိတ်ထဲမှာပူနေကြသည်။ ကုန်ကျစရိတ်ကကော ဒါနဲ့မှရပ်ပါ့မလား၊ အားလုံးဝိုင်းတိုင်ပင်မိကြသည်။ တိုင်ပင်ရင်းနှင့် ဇနီးဖြစ်သူ၏ မောင်ဝမ်းကွဲ ဆရာဝန်ကလေးကို သတိရကြသည်။ သူက ခွဲစိတ်အထူးကုဖြစ်ရေး ကြိုးစားနေသူဖြစ်သည်။ သူနှင့် တိုင်ပင်ရန် စိတ်ကူးရ၍ သူ့မိခင်နှင့်သွားတွေ့ကာ ဆက်သွယ်နိုင်ရေး ကြိုးပမ်းရသည်။

ဖုန်းနံပါတ်ရ၍ ဆက်လိုက်ပြီး အကျိုးအကြောင်းပြောပြ တိုင်ပင်သည်။

"ဟုတ်တယ်အစ်ကို၊ ဒီစမ်းသပ်ချက်လုပ်မှ အဖြေရမှာ၊ အပြင်မှာတော့ ကုန်မှာပေါ့။ ဆေးရုံကိုလာခဲ့လေ၊ ထောင်ဂဏန်း လောက်ပါပဲ။ ဒါလဲ တတ်နိုင်မှပါ၊ မတတ်နိုင်ရင်လဲ ရပါတယ်"

"ဘယ်ဆေးရုံမှာ မင်းတာဝန်ကျနေတာလဲ"

"အထွေထွေရောဂါကု ဆေးရုံကြီးလေ၊ ရန်ကုန် သရက်တော ကျောင်းတိုက်နားကဗျာ၊ အခု တစ်ခါတည်း လာခဲ့တော့ ဟုတ်လား"

ကျွန်တော်တို့မိသားစု ဝမ်းသာစွာ အပြေးအလွှားရောက်သွားကြတော့ အပြင်လူနာဌာနတွင် ချက်ချင်းစမ်းသပ်ကာ နောက်တစ်နေ့ခွဲရန် ခွဲခန်းသုံးပစ္စည်းများ"ဝင်း"ဆေးဆိုင်တွင် ဝယ်ခိုင်းသည်။ ည၁၁နာရီမှစ၍ မစား၊ မသောက်ရန် မှာကြားလိုက်သည်။

နောက်တစ်နေ့ ၁၀နာရီတွင် ခွဲစိတ်ကာ အသားစထုတ်ယူ၍ ရောဂါရှာဖွေရေးဌာနသို့ ပို့ရသည်။ ဓာတ်ခွဲစမ်းသပ်ခ၊ စားရန် ဆေး(ခုနစ်ရက်စာ)ပိုးသတ်ဆေး၊ ခွဲရန်ပစ္စည်းဝယ် အားလုံး ကုန်ကျစရိတ်မှာ ကျပ်တစ်သောင်းပင် မပြည့်ပါ။

ကျွန်တော်တို့လို အခြေခံလူတန်းစားများအတွက် အဆင်ပြေလွန်းလှပါ၏။ ဤအဖြစ်က ကျွန်တော် လက်တွေ့ကြုံရသော အဖြစ်အပျက်ပါ။

ထိုအသားစအတွက် အဖြေစာရွက်သည် သင်္ကြန်ပိတ်ရက် ခံနေ၍ ၂၃-၄-၂၀၀၇တွင် ချိန်းသဖြင့် ကျွန်တော် အထွေထွေရောဂါကုဆေးရုံကြီးသို့ ထပ်မံရောက်ခဲ့ရသည်။ ထိုအဖြေကို ရောဂါဗေဒ ဆရာဝန်ကြီးထံမှ ယူ၍ ခွဲစိတ်ကုသပေးသော ညီငယ်ဆရာဝန်ထံ ပြန်ပြရမည်ဖြစ်ရာ အဖြေစာအိတ်ကိုယူပြီး ဒုတိယထပ်မှ ဆရာဝန်ထံ တက်လာခဲ့သည်။

"ဆရာ ခွဲခန်းဝင်နေတယ်။ ခဏစောင့်ပါနော်၊ မေဂျာကေ့စ်မို့ အရေးကြီးလို့ပါ"

ခွဲစိတ်ဆောင်အဝမှ ကုလားထိုင်တွင် ထိုင်ရင်း ငုဝါကြွေခင်းပေါ်မှ စကားပွင့်ကြွေဖြူကလေးများဖြင့်လှသော ပန်းခြံကို ငေးနေမိသည်။

ကျွန်တော့်ဘေးမှာ လူငယ်တစ်ဦးလာရပ်၏။ အဝတ်နွမ်းနွမ်း၊ ဖိနပ်က ဖင်ပြတ်၊ သူ့မျက်လုံးများက စိုးရိမ်ပူပန်မျက်လုံးများ၊ ခုံပေါ်မှာ မထိုင်ဘဲ ကြမ်းပြင်ပေါ်ထိုင်ချကာ နံရံကို ခြေပစ်လက်ပစ်မှီလျက် ခွဲစိတ် ခန်းဆီ မျှော်ကြည့်နေသည်။

ခုနက သူနာပြုဆရာမပြောသည့် မေဂျာကေ့စ် လူနာရှင်နဲ့တူပါရဲ့။

"ညီလေးက ခွဲခန်းထဲက လူနာရှင်လား"

"ဟုတ်တယ်၊ ကျွန်တော့်မိန်းမပေါ့၊ အစာအိမ်ခွဲရတာလေ။ သွေးဝမ်းတွေသွား၊ ဗိုက်ကအောင့်နဲ့ သွေးသွင်းရတာ ခြောက်ပုလင်းတောင်ရှိပြီ"

"နယ်က လာတာလား"

"ဖျာပုံနားက ဘုန်းကြီးသောင်ရွာကပါ"

"ဘုန်းကြီးသောင် ဩော်-သတင်းစာမှာ မီးလောင်တဲ့သတင်း ဖတ်လိုက်ရပါတယ်"

"ဟုတ်တယ်၊ မိန်းမတစ်ယောက်လေ၊ ဘဲဥကြော်တာ ဒယ်ထဲ မီးဝင်တောက်တော့ ဒယ်ကို လွှင့်ပစ်လိုက်တယ်။ အဲ့ဒီ ပေါ့ဆမီးကြောင့် တစ်ရွာလုံးကုန်ရော။ ကျွန်တော်တို့လဲ ကုန်တာပဲ၊ ဘာမှမကျန်တော့ဘူး"

"ဟင်-ဒါဖြင့် ဘယ်လိုလုပ်ပြီး ဆေးကု..."

ကျွန်တော် စကားအဆက်ခက်သွားသည်။ အစာအိမ်ခွဲစိတ်မှုသည် သိပ်မသေးလှသော ခွဲစိတ်မှုဖြစ်၍ စရိတ်မျှပေးနေသည့်တိုင် အတော်ကုန်ပေလိမ့်မည်။ သူ့အသွင်က အကုန်အကျခံနိုင်မည့်ပုံ မဟုတ်လေတော့...။

အောင်ဆွေဦး (အမ်ဂျီအက်စ်-မှော်ဘီ)

"ဒီလိုလေ ပထမမီးမလောင်ခင် ကျွန်တော်တို့ ဆေးရုံလာတက်သေးတယ်။ နေ၊ စား၊ လမ်းစရိတ်၊ ဆေးစရိတ်၊ အထွေထွေနဲ့ ၂၀၀၀၀ိ နီးပါး ကုန်သွားတယ်။ ရက်ကလဲ ကြာတာကိုး၊ သူကလဲ ခွဲမှ ဖြစ်မှာဆိုတော့ ပိုက်ဆံပြန်ရှာရင်း ခဏဆင်းသွားကြတာ။ ပိုက်ဆံရှာတုန်း အိမ်ပါကုန်သွားတော့ ဘာမှကို မကျန်တော့ဘူး။ သူကလဲ ဗိုက်က တအားအောင့်လာတော့ မီးဘေးကယ်ဆယ်ရေးကပေးတဲ့ အိတ်နှစ်လုံးရယ်၊ အဝတ်ကလေးတွေရယ်၊ ပိုက်ဆံလေးရယ်နဲ့ ရန်ကုန်ပြန်လာတာ ဆေးရုံရောက်တော့ ၅၀ိပဲ ကျန်တော့တယ်"

"ဒီတော့ ဘယ်လိုဆက်လုပ်လဲ"

"ဆေးရုံပြန်တက်တယ်၊ သူကနို့မှုန့်ပဲ သောက်ရတော့ အိတ်နှစ်လုံးနဲ့ အဝတ်တွေ ကမ်းနားဈေး သွားရောင်းလိုက်ရတယ်၊ နို့မှုန့်ဖိုးပေါ့။ ကျွန်တော်ကတော့ သရက်တောကျောင်းတိုက်က ဘုန်းကြီးကျောင်းတွေမှာ ဆွမ်းစားပြီးချိန်မယ် ပြောပြပြီး သွားသွားစားတယ်။ ဘုန်းကြီးတွေက ကျွေးပါတယ်။ ခုဆို ဓမ္မာရုံကျောင်းက ကျွန်တော့်ကို မနက်၊ည အမြဲကျွေးနေပါတယ်"

"ကုသဖို့၊ ခွဲဖို့ကတော့ကော"

"ကျွန်တော် အဖြစ်မှန်အတိုင်း ပြောပြတယ်လေ။ ဆရာဝန်တွေက စိတ်မပူနဲ့၊ တို့ကြည့်လုပ်ပေးမယ်လို့ ပြောကြတယ်။ ဆရာဝန်မကြီးတစ်ယောက်က သွေးသွင်းဖို့ အိတ်ဖိုး (သွေးက အလကား၊ အိတ်ဖိုးက ထောင်ချီတယ်)၊ ဆေးဖိုး၊ အထွေထွေ လိုအပ်သမျှကို လိုတိုင်းပိုက်ဆံထုတ်ပေးပြီး ဝယ်ခိုင်းတယ်။ ဘောက်ချာတော့ သူ့ကိုပြန်ပေးရတယ်။ ကျွန်တော် မှတ်ထားတာ ဒီနေ့ဝယ်ရတာတွေရောဆို ၁၃ရက်ကို သိန်းတော်တော် ကျော်သွားပြီ။ ကျွန်တော့်ဖို့လဲ မုန့်ဖိုး ၊ ထမင်းဖိုးပေးသေးတယ်။ နောက်ပြီး ဒီအထပ်ကပဲ ပုပု၀၀ မျက်မှန်နဲ့ ဆရာဝန်လေးကလဲ လူနာဖို့ ကွေကာအုပ်အထုပ်တွေ မနည်းဘူး ပေးထားသေးတယ်"

"သူတို့ နာမည်တွေကောသိလား"

"မသိဘူး အစ်ကိုရ၊ ကျေးဇူးရှင်တွေကို နာမည်မေးပြီး မှတ်ထားရမယ်။ အိပ်တိုင်း ကန်တော့ပြီးမှ အိပ်ရမယ်လေ။ ကျွန်တော်တို့သာ တောမှာဆက်နေရင် ကျွန်တော့်မိန်းမ ခုလောက်ဆို ရက်လည်ပြီးလောက်ပေါ့။ ပိုက်ဆံမရှိလဲ ဆေးကုလို့ရတဲ့ ပြည်သူ့ဆေးရုံတွေရှိတယ်၊ စေတနာရှင် ကျန်းမာရေးဝန်ထမ်းတွေ ရှိတယ်ဆိုတာ တောကျရင် ပြောပြရမယ်"

ခွဲခန်းဘက် မျှော်ကြည့်ရင်း ကျွန်တော်တို့ စကားလက်ဆုံ ကျနေကြစဉ် အပြာရောင်ခွဲခန်းဝတ်စုံဖြင့် ဆရာဝန်မကြီးတစ်ဦး ထွက်လာပြီး ကျွန်တော့်ဘေးမှ လူနာရှင်ကို လက်ယပ်ခေါ်၏။

"ကောင်းသွားပြီ သိလား၊ သည်းခြေအိတ် သွေးစိမ့်နေလို့ လုပ်နေတယ်၊ နင့်မိန်းမနေကောင်းပြီ သိလား၊ စိတ်ပူမနေနဲ့။ နင် ထမင်းကောစားပြီးပြီလား၊ ပိုက်ဆံကော ရှိသေးရဲ့လား"

လူငယ်၏ မျက်နှာမှာ ဝမ်းသာမှုဖြင့် ဝင်းလက်သွား၏။

"ဟုတ်ကဲ့ပါ ဆရာမကြီး၊ ကျွန်တော်စိတ်ပူလို့ ထမင်းမစားသေးဘူး၊ ပိုက်ဆံလဲ ရှိပါသေးတယ်"

"အေးအေး စိတ်ချနေ ဟုတ်လား၊ တော်ကြာမှ ထွက်လာလိမ့်မယ်"

ဆရာဝန်မကြီး ခွဲစိတ်ခန်းထဲသို့ ပြန်ဝင်သွားသည်။

"အဲဒါ ပိုက်ဆံထုတ်ပေးနေတဲ့ ဆရာဝန်မကြီးပေါ့ အစ်ကိုရ" ဝမ်းသာအားရဖြင့် သူပြောသည်။

"အေးကွာ၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

သူ့ထံမှ အပျော်များ ကူးစက်ကာ သမီးအတွက် စိတ်ပူနေမှုပင် လျော့ပါးလာမိပါ၏။ သူ့ကို ဘယ်လိုရန်ပုံငွေမှ ကူညီပေးကြသနည်း၊ သို့မဟုတ် ဆရာဝန်များစုပြီး ကူညီကြသည်လား၊ သို့မဟုတ် တစ်ဦးတည်းက ကူညီသည်လား ကျွန်တော် မသိပါ။

သို့သော် ပိုက်ဆံမရှိ၍ ရောဂါမပျောက်နိုင်၊ ဆေးရုံမတက်နိုင်သူများကို ကူညီမည့် အထွေထွေရောဂါကုဆေးရုံကြီးကတော့ အမှန်ပင် ကူညီကုသပေးနေပါသည်။ ထိုသူများအတွက် အစွမ်းကုန် စေတနာအပြည့်ဖြင့် ကုသပေးနေ သော(နာမည်မသိ) ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လွန်စွာ လေးစားကြည်ညို ဦးညွှတ်မိပါသည်။

အများထင်နေကြသော ဆေးရုံတက်ရင် ပိုက်ဆံရှိမှဟူသော အထင်ကို ဤပြည်သူ့ဆေးရုံက အမြင်မှန် ပေးနေပါသည်။ အမှန်ဆင်းရဲသူများ

> **ကျွန်တော်တို့သာ တောမှာ ဆက်နေရင် ကျွန်တော့်မိန်းမ ခုလောက်ဆို ရက်လည် ပြီးလောက်ပေါ့။ ပိုက်ဆံမရှိလဲ ဆေးကုလို့ရတဲ့ ပြည်သူ့ဆေးရုံတွေ ရှိတယ်၊ စေတနာရှင် ကျန်းမာရေး ဝန်ထမ်းတွေ ရှိတယ်ဆိုတာ တောကျရင် ပြောပြရမယ်။**

(ဆင်းရဲယောင် ဆောင်သူများကို မဆိုလိုပါ)အတွက် ဤပြည်သူ့ဆေးရုံကြီးမှ အမှန်အိတ်စိုက် ကုသပေးနေပါ၏။

မယုံကြည်ပါက ဤဆေးရုံကြီး၏ ဒုတိယထပ်တွင် ဘုန်းကြီးသောင်ကျေးရွာမှ (မောင်---)တို့ ဇနီးမောင်နှံ ရှိနေကြပါသေးသည်။ သွားရောက်စုံစမ်းမေးမြန်း ကူညီနိုင်ကြပါသည်။

မြန်မာဘုန်းတော်ကြီးကျောင်းများသည် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေသူ၊ မြန်မာတို့၏ ဒါနကုသိုလ်ကြောင့် ခရီးသွားဧည့်သည်များအတွက် အမြဲတမ်း ထမင်းအိုးကြီးများ ဖြစ်သလို မြန်မာတိုင်းသည် အမြဲ ကုသိုလ်ပြု လှူဒါန်းကူညီချင်သူများဖြစ်ကြောင်း ကမ္ဘာက သိစေချင်လှပါ၏။

ကာယကံရှင်များက တိတ်တိတ်ကလေး လှူဒါန်းကြသော်လည်း ကြော်ငြာပြီးလှူသော အလှူမျိုးမဟုတ်၍ လေးစားပီတိကြောင့် ကျွန်တော် ကြော်ငြာမိပါပြီ။ ခွင့်လွှတ်ပါ ဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများခင်ဗျား။ ။

ခေတ်မီဈေးကွက်ဝင်ပုံစံများဖြင့် တီထွင်ထုတ်လုပ် ထုတ်လုပ်ပြီးပစ္စည်းများ စနစ်တကျထိန်းသိမ်း ဈေးကွက်သို့ အချိန်မီဖြန့်ဖြူး

နေပြည်တော် မေ ၂၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၀ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိ စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် အဖွဲ့သည် လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ၊ အိမ်သုံး လျှပ်စစ်ပစ္စည်းအလုပ်ရုံ၌ လျှပ်စစ်ထမင်းပေါင်းအိုးထုတ်လုပ်နေမှု အဆင့်ဆင့်ကိုလည်းကောင်း၊ ထမင်းပေါင်းအိုး ပုံစံသစ် စမ်းသပ်ထုတ်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ လျှပ်စစ်မီးပူများ တပ်ဆင်ထုတ်လုပ်နေမှုနှင့် စမ်းသပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဒေါ်လဲ့လဲ့ဝင်းက လိုက်လံရှင်းလင်း တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက ထုတ်လုပ်မှု လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ရေး၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် စမ်းသပ်မှုများ ပြုလုပ်ရေး၊ ခေတ်မီဈေးကွက်ဝင် ပုံစံများဖြင့် တီထွင်ကြံဆ ထုတ်လုပ်ရေး၊ ထုတ်လုပ်ပြီးပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရေးနှင့် ဈေးကွက်သို့ အချိန်မီဖြန့်ဖြူးရေး ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံသား စိစစ်ရေးကတ်ပြား လွယ်ကူစွာထုတ်ပေးနိုင်ရေး လူမှုရေးအသင်းအဖွဲ့ များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

နေပြည်တော် မေ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၁၉ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ ရောက်ရှိကြပြီး ခရိုင်ဦးစီးဌာနမှူးရုံးအတွင်း ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက်ဝန်ကြီးသည်ခရိုင်ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာကျောက်မဲခရိုင်ဦးစီးဌာနမှူး ဦးသန်းဝင်းက ခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးညိုရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေးအတွက် လူမှုရေးအသင်း အဖွဲ့များကလည်း လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ဦးညိုရွှေက သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးပြီး ကျောက်မဲမြို့နယ် ဦးစီးဌာနမှူးရုံး၏ မှတ်တမ်းခန်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုဆိုင်ရာ စာရင်း မှတ်တမ်းများ ထိန်းသိမ်းထားရှိမှုကို ဝင်ရောက် ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အဖွဲ့သည် ကျောက်မဲမြို့မှ ဆက်လက်ထွက်ခွာ၍ မွန်းလွဲ၁နာရီခွဲတွင် သီပေါမြို့သို့ရောက်ရှိကာ မြို့နယ်ခန်းမ၌ သီပေါမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများအား တွေ့ဆုံကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း မှာကြားကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စိစစ်ထုတ်ပေးနိုင်

ယင်းနောက် ဝန်ကြီးသည် သီပေါမြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်းလုပ်ငန်းကို လှုပ်ရှားမှုတစ်ရပ်အနေဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ မေ၁၉ရက်တွင် ကျောက်မဲမြို့နယ်၌ ၃၅၀၊ သီပေါမြို့နယ်၌ ၃၁၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းတာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်း အမှတ် ၁၃နေ (ဦးဘသာ)-ဒေါ်ကျင်နုနှင့် သိန်းတန် (မြန်မာပြည်) ညီအစ်ကို မောင်နှမ၊ သားသမီး၊ မြေးမြစ်များက ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး ရေစည်အတွက် အလှူငွေကျပ် ၁၇သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သာစည်ပင်မဓာတ်အားခွဲရုံစစ်ဆေး လုပ်ငန်းများ အလေးအနက်ထားဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၁၈ရက် နံနက်ပိုင်းက မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ အင်ဂျင်နီယာချုပ် ဦးအေးသော်တို့ လိုက်ပါလျက် မန္တလေးတိုင်း သာစည်မြို့နယ် သာစည်ပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ရှင်းလင်းခန်းမ၌ သာစည်ဓာတ်အားခွဲရုံမှူး ဦးအောင်သာမွေးက လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ၁၃၂/၃၃ ကေဗွီ ဓာတ်အားလိုင်းနှစ်ခုမှ လျှပ်စစ်ဓာတ်အား ဖြန့်ခွဲပေးနေမှု အခြေအနေများ၊ ကင်းတားဆည်မှ ဓာတ်အားပို့လွှတ်မှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က သတ်မှတ်ထားသည့် လိုင်းအရောင်များအတိုင်း ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ မြေပုံကားချပ်များ နောက်ဆုံး အခြေအနေနှင့် ကိုက်ညီအောင်ရက်စွဲများ တပ်ထားရန်လိုကြောင်း၊ လုပ်ငန်းများလုပ်ကိုင်ရာတွင် ပေါ့ပေါ့ဆဆ မလုပ်ကိုင်ဘဲ အလေးအနက်ထားပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်စေလိုကြောင်း၊ အလုပ်ကြိုးစားလုပ်ကိုင်ရင်းနှင့် တိုးတက်လာမှာဖြစ်ကြောင်း မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်းရှိ စက်ပစ္စည်းများအခြေအနေ၊ ဓာတ်အားပို့လွှတ်ပေးနေမှု အခြေအနေများနှင့် ၁၃၂ကေဗွီလိုင်း၊ မြင်းခြံ မြစ်ရေတင် စီမံကိန်းတွင် အသုံးပြုမည့် Circuit Breaker များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

မီးသတ်တပ်ဖွဲ့နေ့ မိုးကောင်း၌ ကျင်းပ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ရင်းက ကြီးမှူး၍ ၂၀၀၇ခုနှစ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန် တက်ရောက်အမှာစကား ပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် သက်တမ်း၁၅နှစ်မှ အထက် နှစ်ရှည် တာဝန်ထမ်းဆောင်ခဲ့သူ ၂၄ဦး၊ အကြိမ်(၂၀)အထက် သွေးလှူရှင်တပ်ဖွဲ့ဝင်ငါးဦးနှင့် စစ်ရေးပြပြိုင်ပွဲ အကောင်းဆုံးထူးချွန်ဆုရရှိသည့် တပ်ခွဲများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ဆက်လက်၍ တပ်ရင်းရန်ပုံငွေအဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ ဦးဝင်းဇော်(နောင်ကိုင်တော်ရပ်ကွက်)က ငွေကျပ်သုံးသောင်း၊ ဦးအောင်ဒင်(နတ်ကြီးကုန်းရပ်ကွက်)၊ ချမ်းမြေ့စည်နှင့် ရာဇာမင်းခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ မိုးကောင်းမြို့ ခရစ်ယာန်အသင်းတော်များကောင်စီက ငွေကျပ်နှစ်သောင်းငါးထောင်၊ ဦးစောထွေး(နတ်ကြီးကုန်းရပ်ကွက်)က ငွေကျပ်ငါးသောင်းငါးထောင်တို့ကို မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်ထံ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်မော်တော်ယာဉ်များ အသုံးပြု၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ ကြသည်။ (၄၁၆)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

၁၀ရက်ဝိပဿနာစခန်းနှင့် သီလရှင် ဒုလ္လဘ ဝတ်ပွဲကျင်းပ

ရေနံချောင်းမြို့ အေးကုန်းရပ်ရှိ မဟာစည်ရန်မျိုးအောင်ရိပ်သာမှ မဟာသင်္ကြန်ရက် (၁၀)ရက် ဝိပဿနာ**တရားစခန်းနှင့်(၁၄)ကြိမ်မြောက် သီလရှင် ဒုလ္လဘဝတ်ပွဲ ကျင်းပကြောင်း သိရသည်။** (၂၉၇)

မြင်းမူ ထွေ/အုပ် ဝန်ထမ်းများ တူညီဝတ်စုံပေးအပ်

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို မေ၈ရက် နံနက်၁၁နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းက တူညီဝတ်စုံ ပေးအပ်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဝန်ထမ်း ၂၅ဦးအတွက် ငွေကျပ် ၂၇၃၅၀၀တန်ဖိုးရှိ တူညီဝတ်စုံ ၂၅စုံကို ဝန်ထမ်းများကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူး ဦးအောင်ကျော်အေးထံ ပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဘုံဆွမ်းလောင်းလှူ

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဘုံဆွမ်းလောင်းလှူပွဲကို မေ ၅ရက် နံနက် ၅နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ အိမ်တော်ရာမီးသတ်စခန်းရှေ့တွင် ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးအေးကို၊ တပ်စုမှူး မြင့်အောင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်း၍ သံဃာတော်အပါး ၁၀၀ကျော်တို့အား ဘုံဆွမ်းလောင်း လှူဒါန်းကြကြောင်း သိရသည်။ (၁၆၂)

လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

လမ်းအန္တရာယ်ကင်းရှင်းရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရေးအစီအစဉ်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ပညာရေးကောလိပ်အစည်းအဝေးခန်းမတွင် မေ ၂ရက် နံနက် ၉နာရီက ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလျန်ကျင့်မန် တက်ရောက်ပြီး လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ခြေကျင်လျှောက်သူများ လိုက်နာရန်အချက်များ၊ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးရေး၊ လမ်းအမှတ်အသားနှင့် လမ်းညွှန်ဆိုင်းဘုတ်များအကြောင်း ဆွေးနွေးဟောပြောရာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးသိန်းမြင့်နှင့် ဆရာ ဆရာမ၊ သင်တန်းသူ ၄၂၀ တက်ရောက်ကြောင်း သိရသည်။ (ကညန၊ တောင်ကြီး)

ကျေးရွာစာကြည့်တိုက်နှစ်ပတ်လည် ကျေးလက်စာဖတ်ဝိုင်း၊ စာဖတ်ပြိုင်

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် တံတားဦးကျေးရွာ ပညာတံတား အလင်းတံခါး စာကြည့်တိုက်နှစ်ပတ်လည် ကျေးလက်စာဖတ်ဝိုင်း၊ စာဖတ်ပြိုင်ပွဲ၊ စာအုပ်နှင့်ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာရှိ သက်တော်ရာစေတီမွှာရုံတွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက ကျေးလက်စာဖတ်ဝိုင်း၊ စာဖတ်ပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြီး ဒို့ကျေးရွာဂျာနယ်မှ အလိမ္မာပုံဝတ္ထုစာဖတ်ပြိုင်ပွဲ ကျင်းပသည်။ ဆက်လက်၍ စေတနာရှင် ကျေးလက်ပြည်သူများက တံတားဦးကျေးရွာ ပညာတံတားအလင်းတံခါးစာကြည့်တိုက်သို့ ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ စာအုပ်များနှင့် ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း၊ ကုန်းသာကျေးရွာ ကုန်းသာရနံ့စာကြည့်တိုက်သို့ ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း၊ ပေါက်ပင်ကွေ့ကျေးရွာ ပါရမီစာကြည့်တိုက်သို့ ငွေကျပ် ၂၀၀၀၀ ငွေပဒေသာပင် စိုက်ထူလှူဒါန်းကြပြီး ကျေးလက်စာဖတ်ပြိုင်ပွဲ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

ကုန်သွယ်ရေးမူဝါဒကို တိုင်းရင်းသားလုပ်ငန်းရှင်များသိရှိနိုင်ရန် ပေါင်းစပ်လုပ်ကိုင် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိရေး ဆောင်ရွက် ဈေးကွက်ရရှိပြီး ရေခဲငါး၊ ငါးရှဉ့်နှင့်ကဏန်းများ ပိုမိုတင်ပို့ နိုင်ရေးကြိုးပမ်း

နေပြည်တော် မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်၊ ကွမ်းလုံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မေ ၁၉ ရက် နံနက်ပိုင်းတွင် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာအနီးရှိ သံလွင်မြစ်နှင့် နမ့်လင်းချောင်းဆုံရာ မြစ်ဆုံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်က တုံကျက်ကျေးရွာအနီး သံလွင်မြစ်၌ အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့်မြေနေရာကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သံလွင်မြစ်နှင့် နမ့်လင်းချောင်းတို့၏ ရေစီးဆင်းမှုနှင့် နယ်မြေသဘာဝအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တုံကျက်ကျေးရွာအနီး သံလွင်မြစ်ကျဉ်းနေရာ၌ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၂၄၀၀ ထုတ်လုပ်နိုင်မည့် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရန် ယခုအခါ ပဏာမစူးစမ်းတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့သို့ရောက်ရှိကြပြီး သိန်းနီလွင်ပြင်၌ နွေစပါးများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုနှင့် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦး လိုက်ပါလျက် သိန်းနီ-ကွတ်ခိုင်ကားလမ်း တစ်လျှောက်ရှိ ကုန်းမြင့်လယ်ယာမြေများ၌ မိုးသီးနှံများစိုက်ပျိုးရန် မြေယာပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ကွတ်ခိုင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကွတ်ခိုင်မြို့နယ် လွယ်ဆမ်ဆစ်ရိပ်သာ၌ ကြိုဆိုနှုတ်ဆက်နေကြသည့် ကွတ်ခိုင်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)မှ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်-နမ့်ဖတ်ကာ-မူဆယ် ကားလမ်းအတိုင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုအခြေအနေများနှင့် လမ်းဘေးဝဲယာ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် ကုန်းမြင့်လယ်ယာခုတ်ထွင်ရှင်းလင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကွတ်ခိုင်-မူဆယ်ကားလမ်းနံဘေးရှိ မူဆယ်မြို့နယ် မော်တောင်းကျေးရွာသို့ ရောက်ရှိကြသည်။

အားပေးချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်နှင့် အဖွဲ့ဝင်များသည် မူဆယ်ခရိုင် မူဆယ်မြို့နယ် မော်တောင်းကျေးရွာ၌ ကျင်းပသည့် မူဆယ်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်၍ အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား ခြံစည်းရိုးကြက်ဆူ ပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မူဆယ်ခရိုင်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၂၅၀၀၀ စိုက်ပျိုးရန် လျာထားရာ ၃၆၃၄၈ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ မူဆယ်မြို့နယ်အနေဖြင့်လည်း ခြံစည်းရိုးကြက်ဆူ ဧက ၄၈၀၀ စိုက်ပျိုးရန် သတ်မှတ်ထားရာ ယခုအခါ ၁၁၁၃၉ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီးရှိ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်းသို့ ရောက်ရှိကြသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်း ဧည့်ခန်းမ၌ ယင်းစခန်း၌ တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများနှင့် မူဆယ်မြို့ ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦး၊ ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်စံရွှေသာ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်၊ မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်းတာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ မူဆယ်မြို့ ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မူဆယ်ခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်း တာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ထွန်းက (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ဖွင့်လှစ်ပြီးနောက်ပိုင်း ကုန်သွယ်မှု အခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ကုန်သွယ်နိုင်မှု၊ ပို့ကုန်သွင်းကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံမှ အများဆုံးတင်ပို့နေသည့် ပို့ကုန် ၁၀ မျိုးတို့၏ အခြေအနေများနှင့် ကုန်သွယ်ရေးဇုန်၏ ထူးခြားမှုတစ်ရပ်အဖြစ် တစ်ဖက်နိုင်ငံမှ ကုန်သည်များအား မူဆယ်ကုန်သွယ်ရေးဇုန်၌ သရက်သီး တိုက်ရိုက်ရွေးချယ်ဝယ်ယူသည့် စနစ်၊ ရေခဲငါး၊ ငါးရှဉ့်နှင့် ကဏန်းများကို လေလံစနစ်ဖြင့် ရောင်းချနိုင်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ကုန်စည်ဒိုင်များကဲ့သို့ မူဆယ်၌လည်း ကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်က ရန်ကုန်၊ မန္တလေး မြို့ကြီးများနှင့် နိုင်ငံတွင်းရှိ အခြားမြို့နယ်များမှ ကုန်သည်ကြီးများ ဈေးကွက်ကို သိရှိနိုင်ရန် မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် တိုက်ရိုက်ချိတ်ဆက်၍ သတင်းအချက်အလက် နည်းပညာ(IT)ကိုအသုံးပြုကာ ရောင်းဝယ်ဖောက်ကားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပြောကြားပြီး မူဆယ်မြို့နှင့် မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေး စခန်းတို့သည် ဒေသအနေအထား၊ မြေအနေအထားအရ တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်လျက်ရှိကြောင်း၊ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကို ရှောင်ကွင်း၍ ကုန်ပစ္စည်းပို့ဆောင်နေမှုများကို ထိန်းချုပ်တားဆီးကြရန်လိုကြောင်း၊ ကုန်သွယ်မှုပမာဏ တိုးတက်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် OSS ပူးပေါင်းအဖွဲ့ဝင်များသည် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနောက်ဘက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့်လည်း မကြာမီတွင် ကုန်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လုပ်ကိုင်နိုင်တော့မှာဖြစ်၍ Internet Website မှနေ၍ တစ်ဖက်နိုင်ငံများ၏ ဈေးကွက်အခြေအနေနှင့် ပြည်တွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဝယ်လိုမှုအား၊ ရောင်းလိုမှုအားတို့ကို ချိတ်ဆက်ပေးရန်နှင့် သတင်းအချက်အလက် နည်းပညာဖြင့် ကျယ်ပြန့်သောဈေးကွက်ဖြစ်စေရန် သက်ဆိုင်ရာ ဌာနများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုအခါ မူဆယ် (၁၀၅)မိုင် စခန်းနှင့် တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်ရေးစနစ်ကို နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း အောင်မြင်မှုရရှိနေပြီကို သိရှိရကြောင်း၊ ဆက်လက်၍ ရာနှုန်းပြည့်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် ထားရှိသော စေတနာ၊ နိုင်ငံတော်က ချမှတ်ထားသော ကုန်သွယ်ရေးမူဝါဒများကို တိုင်းရင်းသား လုပ်ငန်းရှင်များ သိရှိစေရန် ဝန်ကြီးဌာနနှင့် စခန်းတွင် တာဝန်ထမ်းဆောင်နေကြသော အဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့အပြင် မကြာမီ ကုန်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်တော့မည်ဖြစ်ရာ ဖြစ်ထွန်းအောင်မြင်ပြီး အလားအလာကောင်းနေသော ကုန်သွယ်ရေးကို ဆက်လက်ထိန်းညှိဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ဈေးကွက်ရရှိပြီးဖြစ်သည့် ရေခဲငါး၊ ငါးရှဉ့်၊ ကဏန်းနှင့် သရက်သီးတို့ကိုလည်း ပိုမိုတိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မူဆယ် (၁၀၅)မိုင်စခန်းသည် နိုင်ငံတော်အတွင်းရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အများဆုံးတင်ပို့နေသော စခန်းဖြစ်ရာ နိုင်ငံတော်အတွက်ရော၊ တိုင်းရင်းသား လုပ်ငန်းရှင်များအတွက်ပါ စေတနာထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေး၏ ရည်ရွယ်ချက်များနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်စေရန်နှင့် ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာ ရှိစေရန်နှင့် ထိုက်သင့်သော အကျိုးအမြတ်ဖြစ်ထွန်းစေရန်၊ ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေလွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မူဆယ် (၁၀၅)မိုင်စခန်းမှ အများဆုံးတင်ပို့သည့် ပဲတီစိမ်း၊ ရော်ဘာ၊ ရေခဲငါး၊ ရေခဲပုစွန်၊ ပဲယင်း၊ ပဲလွန်းဖြူ၊ နှမ်းဖြူ၊ ငါးလေးခြောက်၊ ရေရှူနှင့် ပဲတီစိမ်း လုံးခြမ်းသေး စသည့် အဓိကပို့ကုန် ဆယ်မျိုးတို့ကို ယခုထက် ပိုမိုတိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းသွားကြစေလိုကြောင်း။

တင်ပို့

ထို့အပြင် ဝဥခြောက်ကိုလည်း အမြောက်အမြားတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်နှင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် ဝဥခြောက် အမေရိကန်ဒေါ်လာ ၇၈ သန်းကျော်ဖိုး တင်ပို့လျက်ရှိပြီး ၂၀၀၇ ခုနှစ် ဧပြီလမှ မေလအထိ နှစ်လအတွင်း၌ပင် ဝဥခြောက် အမေရိကန်ဒေါ်လာ ဒသမ ၂၈၃ သန်းဖိုးနှင့် ခြံစည်းရိုးကြက်ဆူစေ့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၀ သန်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် မူဆယ် နယ်စပ်ကုန်သွယ်ရေးဇုန် ကုန်သည်ကြီးများ အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မူဆယ်မြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း သံလွင်မြစ်နှင့် နမ့်လင်းချောင်းတို့ ရေစီးဆင်းမှုနှင့် နယ်မြေသဘာဝအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ရဲမွန်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ယင်းနေ့နံနက် ၅ နာရီ ၁၅ မိနစ်တွင် မြန်မာနိုင်ငံဂေါက်ကွင်းမှ ကားများထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ်အတွက် လှူပ်ရှားမှုထူးချွန်ဆုနှင့် အကောင်းဆုံးစာတမ်းဆုရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် သူနာပြုစွမ်းရည်နှင့် စစ်ရေးပြတံခွန်စိုက်အလံရ ကြက်ခြေနီတပ်ဖွဲ့ဝင်များဂုဏ်ပြု

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဝင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ ၂၀၀၆ခုနှစ် အတွက် လှူပ်ရှားမှုထူးချွန်ဆုနှင့် အကောင်းဆုံးစာတမ်းဆုရရှိခဲ့သော ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ကြက်ခြေနီသူနာပြုစွမ်းရည်နှင့် စစ်ရေးပြတံခွန်စိုက်အလံ ရရှိခဲ့သော ရန်ကုန်တိုင်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား မေ ၁၉ ရက် ညနေ ၆နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာခန်းမ၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဝင်းက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့သည် ရန်ကုန်တိုင်းအတွင်း ဆေးရုံ များနှင့် ကျန်းမာရေး ဌာနများသို့ ဆေးပဒေသာပင်ငွေ စိုက် ထူလှူဒါန်း ခြင်း လုပ်ငန်းကိုအထူးဆောင် ရွက်ချက် အဖြစ် ၂၀၀၆ ခုနှစ် စက်တင် ဘာလမှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ ယခုအချိန် တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ နှစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံလေးရုံ၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ လေးရုံ တို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်ကျန်းမာရေး ဌာန များတွင်လည်း ဆေးပဒေသာပင်အလှူ ငွေများ စိုက်ထူပေးနိုင်ခဲ့သည့် အတွက် ယခုလေးလတာကာလအတွင်း လှူဒါန်း ပြီးသော ဆေးရုံများတွင်ငွေကျပ် ၃၂၆ သိန်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြောက်ဥက္ကလာပ ဝေဘာဂီအထူးကု ဆေးရုံကြီး၌ ဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၁၅၀ ကိုလှူဒါန်းနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ထား သော အမျိုးသားကျန်းမာရေးမူဝါဒတွင် ဆေးရုံများ၌ ဆေးပဒေသာပင် အလှူငွေ ကို လူနာခုတင်တစ်လုံးလျှင် ငွေကျပ် တစ်သိန်း သတ်မှတ်ထားခဲ့ရာမှ ယခု အချိန်တွင် ၁ ဒသမ ၂၄ သိန်းအထိ ကျော်လွန် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ် ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပြန်လည်အပ်နှံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှမြင့်ဝင်းထံမြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က ချီးမြှင့် သော ၂၀၀၆ခုနှစ် လှူပ်ရှားမှု ထူးချွန်ဆု ကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အကောင်းဆုံး သုတေသန စာတမ်း ပထမဆုကိုတိုင်းမိခင်နှင့်ကလေး အတွင်းရေးမှူး ဒေါက်တာလှမြင့်၊ မြန်မာ နိုင်ငံ ကြက်ခြေနီအသင်းက ချီးမြှင့်သော ကြက်ခြေနီသူနာပြုစွမ်းရည် တံခွန်စိုက် ဒိုင်းကို တိုင်းကြက်ခြေနီကြီးကြပ်ရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာ သန်းဝင်းနှင့် တိုင်းကြက်ခြေနီအဖွဲ့ ဦးစီးမှူး (ဒုတိယတန်း)ဦးကျော်ဇော၊ စစ်ရေးပြ တံခွန်စိုက်ဒိုင်း**(ဝဲပုံ)**ကို တိုင်းကြက် ခြေနီအသင်း ဦးစီးမှူး (ပထမတန်း) ဦးမျိုးမင်းနောင်နှင့် ဦးစီးမှူး (ဒုတိယတန်း) ဦးထိန်လင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ချီးမြှင့်သော ကြက်ခြေနီသူနာပြု စွမ်းရည်နှင့်စစ်ရေးပြ တံခွန်စိုက်အလံကို တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှမြင့်တို့က ပြန်လည် အပ်နှံကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ယင်းနောက် တိုင်းမှူးက ထူးချွန် ဆုရ ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ရာ ဆုရ ကြက်ခြေနီကိုယ်စားလှယ် တစ်ဦး က လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးသည် အခမ်း အနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၄၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၁၉)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၂၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး ဒေသအကျိုးပြု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြမည့် ယုံကြည်ချက်၊ ခံယူချက်တူညီကြသူများဖြင့် ဖွဲ့စည်းထား

နေပြည်တော် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ ဖြူးမြို့နယ်နှင့် ကညွတ်ကွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ မေ ၁၈ ရက် နံနက် ၁၀ နာရီခွဲက ကညွတ်ကွင်းမြို့ မိုးကောင်းစေတီတော်နှင့် ဆုတောင်းပြည့်စေတီတော်တို့ကို ဖူးမြော်ကြည်ညိုပြီး မိုးကောင်းကျောင်းတိုက် ဆရာတော် ဦးသီလစာရအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နယ်မြေဒေသ အသီးသီး၏ ဒေသအကျိုးပြု ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်ကြမည်ဟု ယုံကြည်ချက်၊ ခံယူချက်တူညီကြသူ များဖြင့် စုစည်းထားသည့် အသင်းကြီးဖြစ်၍ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်လူမှုရေး လုပ်ငန်းများတွင်စေတနာ ထားကာ သယ်ပိုးဆောင်ရွက်ကြရန်နှင့် အသင်းကြီး၏ ဆောင်ရွက်ချက်များကို ရှင်းလင်း မှာကြားသည်။

တင်ပြ

ယင်းနောက် အသင်းဝင်များက လူမှုရေးဆောင်ရွက် ချက်များ၊ ကျန်းမာရေးကူညီစောင့်ရှောက်မှုများနှင့် သင်တန်း ဖွင့်လှစ်မှုများကို တင်ပြကြသည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် မိုးကောင်းကျောင်းတိုက် ပရိယတ္တိစာသင်တိုက် ကျောင်း ဆောင် ဆောက်လုပ်မှုကိုကြည့်ရှုပြီး လိုအပ်ချက်များ လှူဒါန်း ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် ကညွတ်ကွင်း တိုက်နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး ဆောင် ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်နေကြ သောလူနာများအတွက် အာဟာရအထောက်အပံ့နှင့် ရေသန့် စက်အတွက် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာဒေါက်တာ အောင်ဆန်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝင်များက လက်ခံကြသည်။

ယင်းနောက် အထွေထွေ အတွင်းရေးမှူးနှင့် အသင်း ဝင်များသည် ရေသန့်စက်ကို ကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား ဂျပန်နိုင်ငံမှ ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား ဂျပန်နိုင်ငံ Nippon Foundation မှ Executive Director, Mr. Shuichi Ohno ဦးဆောင်သော အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီက နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ (**အပေါ်ပုံ**)ဂျပန်နိုင်ငံ NHK Correspondent Bangkok Bureau မှ Mr. Ichiro Kabasawa ဦးဆောင်သောအဖွဲ့သည် ညနေ ၃ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌လည်းကောင်း လာရောက် တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော်ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၎င်း၏ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr.Hul Phany နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနွှတ်ဆက်ကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၄၁၊ မြဝတ်ရည်လမ်း ၂၉ရပ်ကွက် သုဝဏ္ဏနေ ဦးမောင်မောင်-ဒေါ်သန်းသန်းမိသားစုက ကျပ်တစ်သိန်းတစ်သောင်းကို ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မစေတီအရှင်ကောသလ္လတရားပွဲ

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ဓမ္မစေတီကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်ကောသလ္လ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism)အရှင်မြတ်မှ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း/တောင် ဘာဝနာလမ်း ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်တွင် မေ ၂၅ ရက် (သောကြာနေ့)မှ ၂၆ ရက် (စနေနေ့)အထိ ညစဉ် ၇ နာရီမှစ၍ မိဘကျေးဇူးဆပ် တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အရိုးကျီးပေါင်းတက်ရောဂါဟောပြောပွဲနှင့် အခမဲ့ဆွေးနွေးကုသမှုအစီအစဉ်ကျင်းပ

ရန်ကုန် မေ ၂၂

Rottapharm ကုမ္ပဏီက ထုတ်လုပ်ပြီး Value Healthcare က တာဝန်ယူ ဖြန့်ချိသည့် အရိုးကျီးပေါင်းတက်ရောဂါအတွက် တစ်ခုတည်းသော အသိအမှတ်ပြု ဆေးဝါးViartril-S၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောပွဲနှင့် အခမဲ့ဆွေးနွေးကုသမှု အခမ်းအနားကို မေ၂၀ရက် မွန်းလွဲ၁ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ Value Healthcare မှ Regional Manager Mr. Joel Milagနှင့် မြန်မာနိုင်ငံ အရိုးအထူးကု ဆရာဝန်များနှင့်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဟန်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ပြန်လည်ဖြေကြား

ထို့နောက် ထိုင်းနိုင်ငံ မဟီဒောတက္ကသိုလ်မှ အရိုးအထူးကုပါမောက္ခ Saranatra Waikakul က "အရိုးနအတွင်း အရိုးကျီးပေါင်းတက် ရောဂါဖြစ်စေသည့် နှီးဆွဓာတ်ပစ္စည်းများနှင့် ရောဂါအကြောင်း"ကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသော ဆရာဝန်များ၏ မေးမြန်း ဆွေးနွေးမှုကို ပြန်လည်ဖြေကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ဆက်လက်၍ အဆစ်အမြစ်အထူးကုပါမောက္ခဒေါက်တာချစ်စိုးနှင့် အရိုးအထူးကု ပါမောက္ခ ဒေါက်တာမြင့်သောင်းတို့က အရိုးကျီးပေါင်းတက်ရောဂါနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အရိုးအထူးကု ဆရာဝန်များက တက်ရောက်လာကြသူ ၄၅၀ ကျော်အနက်မှ အရိုးကျီးပေါင်းတက် ဝေဒနာရှင်များအား အခမဲ့ ဆွေးနွေးကုသပေးပြီး စတင်သုံးစွဲရမည့် ဆေးကို ဝေငှပေးသည်။ ဆက်လက်၍ ပါမောက္ခဒေါက်တာခင်မောင်ဟန်နှင့် Mr. Joel Milagတို့က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီးအမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Viartril-S ဆေးဝါးသည် အရိုးကျီးပေါင်းတက်ရောဂါအတွက် ရောဂါသက်သာရုံမက နောက်ဆက်တွဲဖြစ်သော မသွားလာ၊ မလှုပ်ရှားနိုင်ခြင်း၊ ဒူးအစားထိုးကုသရခြင်းစသည်တို့ အလွန်နည်းပါးစေသည်။ Viartril-S ဆေးဝါးသည် Rottapharm Irelandမှ ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၈၀ကျော်တွင် ဖြန့်ချိရောင်းချနိုင်ရန် သက်ဆိုင်ရာ ဆေးဝါးကြီးကြပ်ရေး အဖွဲ့များက အသိအမှတ်ပြုထားသော ဆေးဝါးဖြစ်သည်။

ဖြန့်ချိ

Viartril-S ဆေးသည် Glucosamineတစ်မျိုးတည်းသာပါဝင်သော အရိုးကျီးပေါင်းတက်ရောဂါနှင့် အရိုးအတက်ထွက်ရောဂါကို ကာကွယ်ပေးရုံသာမက ရောဂါဆက်လက်မဖြစ်ပွားနိုင်အောင် ဟန့်တားပေးနိုင်သော တစ်ခုတည်းသောဆေးဝါးဖြစ်ပြီး အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အရိုးကျီးပေါင်းတက်ရောဂါအတွက် တစ်ခုတည်းသော အသိအမှတ်ပြု ဆေးဝါး Viartril-S ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောပွဲနှင့် အခမဲ့ဆွေးနွေးကုသမှုအခမ်းအနားတွင် မြန်မာနိုင်ငံ အရိုးအထူးကု ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဟန် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ရေကြောင်းဌာန သင်္ဘောသားအကူ(လူသစ်) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန သင်္ဘောသားအကူ(လူသစ်) အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် အလုံသင်္ဘောကျင်းရှိ ရေကြောင်းသက္ကဒါန်သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်လှစ်သင်ကြား

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာနအတွက် သင်္ဘောသားအကူ(ကုန်းပတ်) ဝန်ထမ်းသစ် ၁၀၀ကို အခြေခံသင်တန်း ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

မိမိတို့ ဝန်ကြီးဌာနသည် **"များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက် အားထားယုံကြည်ရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် အလုံသင်္ဘောကျင်း၌ လွန်းလမ်းအသစ် တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးအထိမ်းအမှတ် အင်ကြင်းပင်စိုက်ပျိုးပြီး နေပြည်တော်တည်ဆောက်ပြီးစီးမှု အခြေအနေများ လှည့်လည်ကြည့်ရှု

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ခေတ္တတည်းခိုလျက်ရှိသည့် နေပြည်တော်ဟိုတယ်ဇုန်မှ နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိလာကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ပြန်လည်ရှင်းလင်း

ရှေးဦးစွာ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြို့တော်ခန်းမ ဧည့်ခန်းမ၌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က နေပြည်တော်အကြောင်း သိကောင်းစရာများနှင့် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၏ သိလိုသောမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

အမှတ်တရလက်ဆောင်

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား အမှတ်တရလက်ဆောင် ပန်းချီကားကိုပေးအပ်ရာ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ကလည်း အမှတ်တရလက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်သည်။

ကြိုဆို

ထိုမှတစ်ဆင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပရဆေးမျိုးထိန်းဥယျာဉ်သို့ရောက်ရှိကြရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆင်သည် ချစ်ကြည်ရေးသစ်ပင်စိုက်ကွက်၌ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးပြီး မြေဩဇာနှင့် ရေစင်တို့ကို သွန်းလောင်းကာ စပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်၌ တည်ဆောက်ပြီးစီးသွားသည့် ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော် မြို့မဈေးတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ချစ်ကြည်ရေး အထိမ်းအမှတ်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် နေပြည်တော်ရှိ ချစ်ကြည်ရေးသစ်ပင်စိုက်ကွက်၌ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ် အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား နိပွန်ဖောင်ဒေးရှင်းမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်အား ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိပွန်ဖောင်ဒေးရှင်းမှ President Mr. Yohei Sasakawa သည် ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့ အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၀၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ရှမ်းပြည်နယ်အတွင်း အမေရိကန်ဒေါ်လာ သုံးသန်းဖြင့် စာသင်ကျောင်း၁၀၀ ဆောက်လုပ်ခဲ့သည့်စီမံကိန်းနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် စီမံကိန်းအဆင့်(၂)တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ယင်းသို့တွေ့ဆုံပြီးနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် နိပွန်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Shuichi Ohno တို့သည် ၂၀၀၇ခုနှစ် ဇွန်လမှ ၂၀၁၂ခုနှစ် မေလအထိ ရှမ်းပြည်နယ်အတွင်း အမေရိကန်ဒေါ်လာသုံးသန်းဖြင့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်း စုစုပေါင်း ကျောင်းဆောင် ၁၀၀ ဆောက်လုပ်ရေးစီမံကိန်း အဆင့်(၂)နှင့်စပ်လျဉ်းသည့် သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement)ကို အပြန်အလှန် လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

[၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ (ဥပုသ်နေ့)] ၂၃-၅-၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှု အက
၈:၂၀	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Happy And Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။	မြန်မာစာ မြန်မာစကား
၁၇:၁၅	၆။	သီချင်းကြီးပဒေသာ
၁၇:၂၀	၇။	**ချစ်လွန်းလို့** (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)
၁၇:၃၅	၈။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၇:၄၅	၉။	ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀	၁၃။	**ချီးကျူးပူဇော်ဖူးမြော် မဝသည့် သာသနာ့အာဇာနည်** (တိပိဋကဓရဆရာတော် အရှင်သိရိန္ဒာဘိဝံသ) (ယောဆရာတော်)
၁၉:၃၀	၁၄။	Discovery.
၁၉:၄၀	၁၅။	**မလွန်လွန်းဖူးလား** (အပိုင်း-၁)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **ဆောင်းလေသွေးတဲ့လရောင်** (လူမင်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ၊ ချိုပြုံး) (ဒါရိုက်တာ-ဟိန်းစိုး)
	၂၀။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၂၅ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၌ မေ ၂၂ရက်နံနက်ပိုင်းက ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး ၂၅ ဦး သေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါကားဗုံးခွဲတိုက်ခိုက်မှုသည် မြို့၏အနောက်တောင်ဘက် ရှီးယားအများစုတည်ရှိရာ ဈေးတစ်ဈေးအပြင်ဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

သေဆုံးသူနှင့် ဒဏ်ရာရသူအများစုမှာ အမျိုးသမီးများနှင့်ကလေးများဖြစ်ကြောင်း ဆေးရုံနှင့်စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်များမှတာဝန်ရှိသူများက ပြောကြားသည်။

ပစ်မှတ်ထား

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ဈေးများကို ပစ်မှတ်ထား တိုက်ခိုက်သည့် ဆွန်နီတိုက်ခိုက်ရေးသမားများ၏ နောက်ဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုကြောင့် အနီးဝန်းကျင်ရှိ အဆောက်အအုံများနှင့်ကားများ ဆိုးဆိုးရွားရွားပျက်စီးသွားသည်ဟု ဆိုသည်။

စာပေဗိမာန်စာအုပ်ဆိုင် နေပြည်တော်တွင် ဖွင့်လှစ်

နေပြည်တော် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာပေဗိမာန်စာအုပ်ဆိုင်ကို နေပြည်တော် မြို့မသပြေကုန်းဈေးသစ်ကြီး (ဆိုင်အမှတ် တ-၅၅)တွင် စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။ စာပေဗိမာန်စာအုပ်ဆိုင်တွင် ရည်ညွှန်းကိုးကားအသုံးပြုနိုင်သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် စာအုပ်များ၊ စာပေဗိမာန်စာမူဆုရ ပြည်သူ့လက်စွဲစာအုပ်များ၊ လစဉ်ထုတ် သုတပဒေသာစာစောင်များ၊ တိုင်းကျိုးပြည်ပြုစာအုပ်၊ သိမှတ်ဖွယ်ရာ ပြည်မြန်မာစာအုပ်၊ တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း (၁၉၈၈-၃၁-၁၂-၂၀၀၆)စာအုပ် ကဲ့သို့သော အစိုးရထုတ်စာအုပ်များ၊ ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်း၊ စူဠာနဖာ၊ သဘာဝသမားတော်၊ ခေါင်းဆောင်မှုစွမ်းရည်ဥပဒေများ၊ ဥတုဘောဇနသင်္ဂဟကျမ်း၊ မြန်မာ-အမေရိကန်ဆက်ဆံရေးသမိုင်း စာအုပ်ကဲ့သို့သော ပြင်ပပုဂ္ဂလိကတိုက်ထုတ်စာအုပ်များကို အဖိုးနှုန်း ချိုသာမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက် ပါတီတာဝန်များကိုစိတ်ဝင်စားမှု ဆက်လက်လုပ်ဆောင်လိုမှုမရှိ ရွှေတောင်မြို့နယ်မှ ပါတီဝင်သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသိန်းဖေ၊ ဒေါ်တင်တင်နွယ်နှင့် ဒေါ်မာမာချိုတို့သုံးဦးသည် မေ ၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကိုရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စိတ်ပျက်လာ

ရွှေတောင်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာကြောင်း၊ ပါတီတာဝန်များကိုလည်း စိတ်ဝင်စားမှု၊ ဆက်လက်လုပ်ဆောင်လိုမှုမရှိတော့ကြောင်း ထို့ကြောင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ဂိုယန်မြို့၌ကျင်းပသည့် တောင်ကိုရီးယား အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းပြပွဲတွင် ရုပ်မြင်သံကြားစက်တစ်လုံးကို အရောင်းဝန်ထမ်းတစ်ဦးက ပြသထားသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားအာကာသယာဉ်မှူးလောင်းနှစ်ဦး နာဆာ၌ လေ့ကျင့်မှုများပြုလုပ်မည်

ကွာလာလမ်ပူ မေ ၂၂

မလေးရှားနိုင်ငံမှ အာကာသယာဉ်မှူးလောင်းနှစ်ဦးကို လာမည့်ဇွန်လတွင် နာဆာ၌ လေ့ကျင့်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မလေးရှားအရာရှိတစ်ဦးက မေ ၁၉ ရက်၌ ပြောကြားသည်။

နိုင်ငံတကာ အာကာသယာဉ်စခန်း(အိုင်အက်စ်အက်စ်)၏အမေရိကန်ဌာနခွဲနှင့်အတူ အာကာသဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိအောင်လည်း သီတင်းသုံးပတ်ကြာ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု မလေးရှားသိပ္ပံနှင့်နည်းပညာဝန်ကြီး ဂျာမာလူဒင်ဂျာဂျီစ်က သတင်းထောက်များအား ပြောကြားသည်။

မလေးရှားနိုင်ငံ၏ အာကာသယာဉ်မှူးလောင်း နှစ်ဦးမှာ အသက်(၃၅)နှစ်အရွယ်ရှိ ရိုတ်မူဇာဖာစူကောနှင့် အသက် (၂၇)နှစ်အရွယ်ရှိ ဖာ့ဇ်ခါလိဒ်တို့ ဖြစ်သည်။

လေ့ကျင့်

အဆိုပါအာကာသယာဉ်မှူးလောင်းနှစ်ဦးသည် လောလောဆယ်တွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ယူရီဂါဂါရင်အာကာသလေ့ကျင့်ရေးစခန်း၌လေ့ကျင့်မှုများ ပြုလုပ်နေကြလျက်ရှိသည်။

မလေးရှား အာကာသယာဉ်မှူးနှစ်ဦးအနက် တစ်ဦးမှာ လာမည့်အောက်တိုဘာလတွင် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ စေလွှတ်မည့် ရုရှားအာကာသယာဉ် ဆိုယုဇ်-၂ နှင့်လိုက်ပါသွားမည်ဖြစ်ရာ ၎င်းသည် မလေးရှားနိုင်ငံသမိုင်းတွင် ပထမဆုံးသော အာကာသယာဉ်မှူး ဖြစ်လာမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်စာပေအရေးအသားသက်တမ်း နှစ်ပေါင်း ၈၀၀၀ ရှိဟုဆို

လန်ဒန် မေ ၂၂

မျက်မှောက်ခေတ် တရုတ်စာများ၏ အရင်းအမြစ်သည် မူလထင်ထားသည်ထက် နှစ်ပေါင်းထောင်ချီ၍ စောကြောင်း ရှေးဟောင်းကျောက်ပန်းပုလက်ရာများကို လေ့လာတွေ့ရှိသည့် တရုတ်ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းမှ ကျောက်ထရံများ၏ မျက်နှာပြင်ပေါ်ရှိ ရှေးဟောင်းရုပ်ပြသင်္ကေတ ၂၀၀၀ ကျော်ကို သုတေသီများက တွေ့ရှိလေ့လာရာတွင် ထိုရုပ်ပြသင်္ကေတများမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၈၀၀၀ ကဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုရုပ်ပြသင်္ကေတ အများအပြားသည် ရှေးတရုတ်စာများနှင့် သဏ္ဌာန်တူနေကြောင်း ၎င်းတို့က ပြောကြားသည်။

တရုတ်စာပေသင်္ကေတများကို လွန်ခဲ့သည့်နှစ် ၄၅၀၀ က စတင်အသုံးပြုခဲ့သည်ဟုသာ ယခင်ကမှတ်ယူခဲ့သဖြင့် ယခုအခါ ထို့ထက်စောကြောင်း သိလာရခြင်း ဖြစ်သည်။ (အင်တာနက်)

ဟော်မုန်းဆေးယူဆောင်ခဲ့သူ စတားလုံး ဩစတြေးလျတရားရုံးက ဒဏ်ငွေရိုက်

ဆစ်ဒနီ မေ ၂၂

ဟောလီးဝုဒ်ရုပ်ရှင်သရုပ်ဆောင် စတားလုံးသည် ဩစတြေးလျနိုင်ငံအတွင်းသို့ ဖေဖော်ဝါရီလက ရုပ်ရှင်ကား အရောင်းမြှင့်တင်ရေးပြုလုပ်ရန်လာရောက်ရာတွင် တရားမဝင် ဟော်မုန်းဆေးများ ယူဆောင်ခဲ့မှုကြောင့် ဩစတြေးလျတရားရုံးက မေ ၂၁ ရက်တွင် ဒဏ်ငွေအမေရိကန် ဒေါ်လာ ၂၅၀၀ ဒဏ်ရိုက်လိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်၌ ဗုံးပေါက်ကွဲ၊ ရဲအရာရှိတစ်ဦးသေဆုံး

ကဘူးလ် မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ် အရှင်ဒေသတွင် မေ ၁၉ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦးက ပြောကြားသည်။ အဝေးထိန်းဗုံးဖြင့် အဆိုပါရဲအရာရှိ၏ကားကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ယင်းအရာရှိသည် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူက ဆင်ဟွာသို့ ပြောကြားသည်။ အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်မှုကြောင့် တာလီဘန် အများစုအပါအဝင် လူ ၁၅၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားတပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ သေဆုံးကြောင်းကြေညာ

ဆိုးလ် မေ ၂၂

တောင်ကိုရီးယား တပ်ဖွဲ့ဝင်တစ်ဦးမှာ အီရတ်နိုင်ငံ တောင်ကိုရီးယားတပ်စခန်းရှိ ဆံပင်ညှပ်ဆိုင်တွင် သေဆုံးနေကြောင်း တွေ့ရသည်ဟု တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ကြေညာသည်။

၎င်းမှာ အီရတ်၌ ပထမဆုံး သေဆုံးသည့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်ဖြစ်ကြောင်း သိရသည်။ အိုအမည်ရှိ အဆိုပါ တောင်ကိုရီးယားတပ်ဖွဲ့ဝင်(၂၇)နှစ်မှာ ဆံပင်ညှပ်ဆိုင်၌ သေနေသည်ကို မေ ၁၉ ရက်က တွေ့ရသည်။ သူ၏သေနတ်ကို အနီး၌တွေ့ရသည်ဆို၏။

အီရတ်သို့ ၂၀၀၄ခုနှစ်က စတင်စေလွှတ်စဉ် တောင်ကိုရီးယား တပ်ဖွဲ့ဝင် ၃၆၀၀ ရှိသော်လည်း ယခုအခါ အီရတ်၌ တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၁၂၀၀ ခန့်သာ ကျန်တော့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

၂၀၀၈ အိုလံပစ်အားကစားပြိုင်ပွဲများအပြီး ပေကျင်းမြို့ စီးပွား ဆက်လက်တိုးတက်မည်

ပေကျင်း မေ ၂၂

တရုတ်နိုင်ငံ၏ မြို့တော် ပေကျင်းမြို့သည် ၂၀၀၈ အိုလံပစ်အားကစားပြိုင်ပွဲများအပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ဝယ်ယူစားသုံးမှုများ ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း ပေကျင်းပါတီအကြီးအကဲက ပြောကြားသည်။

ပေကျင်းမြို့လယ်၌ အဆောက်အအုံများ တည်ဆောက်မှု နည်းသွားဖွယ်ရှိကြောင်း၊ သို့ရာတွင် အဆိုပါအားကစားပြိုင်ပွဲအပြီး အဆောက်အအုံသစ်များဖြင့် လှပသောမြို့များ အသီးသီးအပေါ်ထွက်လာလိမ့်မည်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ပေကျင်းမြူနီစီပယ်ကော်မတီ အတွင်းရေးမှူး ရှုကျိက ပေကျင်းမြို့ စီပီစီ ညီလာခံ၌ မေ ၁၈ ရက်တွင် ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မက္ကဆီကိုနိုင်ငံ၌ ကျင်းပမည့် မယ်စကြဝဠာပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ရုရှားအလှမယ်တစ်ဦးကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်ငါးဦး အီရတ်၌တိုက်ခိုက်ခံရ၍ သေဆုံး

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အမေရိကန် တပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က မေ ၁၉ ရက်တွင် ပြောကြားသည်။တပ်ဖွဲ့ဝင်နှစ်ဦး ကင်းလှည့်စဉ် ဘဂ္ဂဒက်အနောက်မြောက်ပိုင်း၌ လမ်းဘေးဗုံးနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

တတိယတပ်ဖွဲ့ဝင်မှာ ဘဂ္ဂဒက်တောင်ပိုင်း၌ မေ ၁၈ ရက်က ခြေလျင်ကင်းလှည့်စဉ် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရ၍ သေဆုံးခဲ့ကြောင်း အခြားစစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

စတုတ္ထတပ်ဖွဲ့ဝင်မှာ ယင်းနေ့၌ အန်ဘာပြည်နယ်အနောက်ပိုင်း စစ်ဆင်ရေးတွင် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်း၊ ပဉ္စမတပ်ဖွဲ့ဝင်မှာ မေ ၁၉ ရက်က ဘဂ္ဂဒက်တောင်ပိုင်း၌ လမ်းဘေးဗုံးထိမှန်၍ သေဆုံးခဲ့ကြောင်း အဆိုပါကြေညာချက်များတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုလံဘီယာ၌ မြေပြိုမှုဖြစ်ပွား

ဘိုဂိုတာ မေ ၂၂

ကိုလံဘီယာနိုင်ငံ အန်တီကျူးရာမြို့၌ မေ၂၀ရက်က မိုးသည်းထန်စွာရွာသွန်းပြီး အဝေးပြေးလမ်းမပေါ်၌ မြေပြိုမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးရုံးက ပြောကြားသည်။

ဘိုဂိုတာမြို့ အနောက်မြောက်ဘက် ကီလိုမီတာ၅၀၀အကွာရှိ တာရဇာမြို့နှင့် ပက်တိုဘယ်ဒီဘာမြို့တို့၌ မြေပြိုမှုဖြစ်ပွားရာ လူနေအိမ်ခြေများ ပျက်စီးခဲ့ရကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

ကာကာပြည်နယ်အနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုကြောင့် မိသားစုဝင်သုံးဦး၊ အန်တီကျူးရာပြည်နယ်မှ အမျိုးသမီးတစ်ဦးနှင့်အခြားပတ်ဝန်းကျင်ဒေသမှ သေဆုံးသူ နှစ်ဦးဖြစ်ရာ စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့သည်။

ကိုလံဘီယာနိုင်ငံ၌ မိုးဦးရာသီဝင်ရောက်ချိန်ကတည်းက မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် သေဆုံးသူပေါင်း ၃၆ ဦးနှင့် ဒေသခံပြည်သူ ၉၀၀၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲ

ရှန်ယန် မေ ၂၂

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ သတ္တုတွင်းအလုပ်သမား သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးရုံးမှ ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် မေ ၁၈ရက် နံနက်ပိုင်းက လျောင်ယန်မြို့ရှိ ကျောက်မီးသွေးတွင်း၌ သတ္တုတွင်း အလုပ်သမား ၄၀ ခန့် တာဝန်ထမ်းဆောင်စဉ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းက ပြောကြားသည်။

ကယ်ဆယ်နိုင်

အဆိုပါ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်ကယ်ဆယ်ရေးအဖွဲ့မှ လာရောက်ကယ်ဆယ်ရာ သေဆုံးသူ အလောင်းသုံးလောင်းကို တွေ့ရှိခဲ့ရပြီး ကျန်အလုပ်သမား ၃၇ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။

ယင်းပေါက်ကွဲမှုသည် မည်သည့်အတွက်ကြောင့် ဖြစ်ပွားရသည်ကို သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးဆဲ ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစ္စရေးနိုင်ငံ ဂါဇာမြို့၌ လေပြင်းမုန်တိုင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် မူလတန်းလွန်ကျောင်း ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြား

နေပြည်တော် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၂၀ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာခန်းမ၌ လေဘောကယ်ဆယ်ရေးပစ္စည်းနှင့်အလှူငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၈၀ ကျော်တန်ဖိုးရှိလေဘောကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ လေဘောသင့် အိမ်ထောင်စု ၄၀က လက်ခံယူကြသည်။ ထို့နောက် လေဘောသင့် ပြည်သူများကိုယ်စား ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများက လေဘောသင့် ကျေးရွာများသို့ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် ကျားသေကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်လှစ်ပွဲ အခမ်းအနားကို တက်ရောက် အားပေးသည်။ ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး ကျောင်းဖွင့်ပွဲအခမ်းအနားကိုကျောင်းခန်းမ၌ကျင်းပရာဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ကျောင်းအုပ်ကြီး ဦးစိုးမိုးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဌေးတို့က အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက ပညာရေးရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထည့်ဝင်လှူဒါန်း

ဆက်လက်ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ၁၂၀၊ အနံပေ ၃၀ရှိပြီး နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း၆၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေကျပ်သိန်း၄၀နှင့် ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေကျပ်၁၀သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၁၀ ကုန်ကျသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တက်ရောက် အမှာစကား ပြောကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၂၃ သိန်း ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆေးရုံအုပ် ဒေါက်တာ အုန်းခိုင်က ဆေးရုံ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်စိုးက ဆေးရုံအဆောက်အအုံအသစ် ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဇေယျာသုခ ကျောင်းတိုက် ဆရာတော်၊ မြို့နယ် သံဃနာယက ဘဒ္ဒန္တရေဝတဓမ္မအား သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ အလှူငွေပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၅ရပ်ကွက် ဖိုးရာဇာလမ်းနေ ဦးလွန်းမောင်-ဒေါ်ရီရီထွေးမိသားစုက ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

ဘုန်းတော်ကြီးသင်ပညာရေးကောလိပ် နှစ်နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာထုတ်ယူနိုင်

ရန်ကုန် မေ ၂၂

ဘုန်းတော်ကြီးသင်ပညာရေးကောလိပ် ဆရာဖြစ် နှစ်နှစ်သင်တန်းကို ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များသည် အစိုးရပထမလတ်တန်းနှင့် အခြားအဆင့်တူစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်ဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာများကို မေ ၅ရက်မှ ဇွန် ၅ ရက်အထိ သံဃတက္ကသိုလ်(ရန်ကုန်)တွင် ထုတ်ယူနိုင်ပြီး ဇွန် ၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ ကချင်ပြည်နယ် မြို့နယ်အစည်းအရုံးများဖွဲ့စည်းရေးဆောင်ရွက်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်း ဦးဆောင်သည့် ပန်းချီ၊ ပန်းပုပညာရှင် ၃၄ဦးပါဝင်သောအဖွဲ့သည် မေ၈ရက်တွင် ကချင်ပြည်နယ် ဟိုပင်မြို့၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်မင်းကိုနှင့် ရိုးရာပန်းပညာရှင်များ(ဗဟို)မှ သဘာပတိအဖြစ် ဆောင်ရွက်ကြသည့် ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးချစ်မောင် (ပန်းချီပညာရှင်)၊ အတွင်းရေးမှူး ဦးအောင်ဆွေ (ပန်းချီပညာရှင်)တို့ပါဝင်သော ဟိုပင်မြို့ရိုးရာပန်းပညာရှင်များအစည်းအရုံးကိုဖွဲ့စည်းပေး ခဲ့ကြပြီး မေ၁၀ရက်တွင်မြစ်ကြီးနား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းညွန့်က သဘာပတိအဖြစ် ဆောင်ရွက်၍ မြစ်ကြီးနားမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးကို ဖွဲ့စည်းရာ ဥက္ကဋ္ဌ ဦးကျော်သိန်း (ပန်းချီပညာရှင်)နှင့် အဖွဲ့ဝင်ကိုးဦးပါဝင်သော အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြသည်။ အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်ထံ မင်္ဂလာပန်းဆီဆေးပန်းချီကားကြီး တစ်ချပ်ကို ဂါရဝပြုလက်ဆောင်ပေးအပ်ခဲ့ကြသည်။

လက်တွေ့

ရိုးရာပန်းပညာရှင်များအဖွဲ့သည် ဟိုပင်မြို့နယ် အင်းတော်ကြီးပတ်ဝန်းကျင်ကျေးရွာ သဘာဝအလှများနှင့် မြစ်ကြီးနားမြို့နယ်မြစ်ဆုံဒေသသဘာဝ အလှများကို လက်တွေ့သရုပ်ဖော်ရေးဆွဲမှတ်တမ်းတင်ခဲ့ကြသည်။ **(က-ပ)**

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်းအား ညစာတည်ခင်း

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည့် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်းအား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲကို မေ ၁၉ ရက် ည ၇ နာရီက ကရဝိက်နန်းတော်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက အိန္ဒိယတက္ကသိုလ်ချန်ပီယံအသင်း အုပ်ချုပ်သူ R.K Dural Slngh အား အမှတ်တရလက်ဆောင်ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ယင်းနောက် တက်ရောက်လာသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံသည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်ပညာရေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံရှိ မင်္ဂလာခန်းမ၌ မေ ၂၇ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ AIT ၏ School of Engineering and Technology မှ ပါမောက္ခ Worsak Kanok-Nukulchai နှင့် အဖွဲ့က အဆင့်မြင့်ပညာရေးဆိုင်ရာ ဟောပြောပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်း၊ တက္ကသိုလ်ဝင်ခွင့်အတွက် လူတွေ့စစ်ဆေးခြင်းကိုလည်း မေ ၂၆ ရက်နှင့် ၂၇ ရက် မွန်းလွဲ ၂ နာရီမှ ၅နာရီအတွင်း IBCအဆောက်အအုံရှိ အခန်း၁၁၀တွင် ပြုလုပ်မည်ဖြစ်ရာ အမှတ်စာရင်း၊ ဘွဲ့လက်မှတ်၊အင်္ဂလိပ်စာအရည်အချင်းလက်မှတ်မူရင်းတို့နှင့်အတူ လူကိုယ်တိုင် လာရောက်ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁-၅၇၂၇၆နှင့် ၀၉-၅၂-၀၀၈၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ကျေးရွာစာသင်ကျောင်းဆောက်လုပ်ရန် သစ်များတင်ဆောင်ထားသည့်ကားအား မီးရှို့ဖျက်ဆီး

ရန်ကုန် မေ ၂၂

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများကို ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

မီးရှို့ဖျက်ဆီး

SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အားခြောက်ဦးခန့်သည် မေ ၂၁ ရက် ည ၇နာရီခန့်တွင် မိုင်းနောင်း-ဝမ်ဆင်း ကားလမ်း မိုင်တိုင်အမှတ်(၃၄)အနီး၌ မိုင်းရှူးမြို့နယ် မိုင်းအော့ကျေးရွာ စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် သစ်များတင်ဆောင်ထားသော ဖွက်နစ်နေသည့် ဆယ်ဘီးကားတစ်စီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကားအင်ဂျင်ပိုင်းနှင့် ရှေ့ဘီးနှစ်လုံး မီးလောင်ပျက်စီးသွားခဲ့ကြောင်း၊ ယာဉ်မောင်းများမှာ လမ်းဘေးတောအုပ်အတွင်းသို့ ထွက်ပြေးလွတ်မြောက်ခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

လိုက်လံရှင်းလင်း

ယင်းဖြစ်စဉ်အား သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ သောင်းကျန်းသူများနောက်သို့ ပိတ်ဆို့ချေမှုန်းနိုင်ရေး ထပ်ကြပ်လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ပြန်ထားသော မူဝါဒနှင့်ညွှန်ကြားချက်များလိုက်နာ ကုန်ထုတ်လုပ်မှုရည်မှန်းချက်ထက် အောင်မြင်အောင်ကြိုးစား

နေပြည်တော် မေ ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ၂၀ရက် နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ကျောက်ဆည်မြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်ရုံများနယ်မြေရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပလတ်စတစ်စက်ရုံသို့ ရောက်ရှိပြီး ပလတ်စတစ်ချည်မျှင် ထုတ်လုပ်မှု၊ ပီနံအိတ် ရက်လုပ်မှု၊ ကြက်သွန်အိတ်ကျဲ ထုတ်လုပ်နေမှု၊ အိတ်ပိတ်ခြင်းနှင့် အိတ်ချုပ်လုပ်ငန်းများနှင့် ဘိလပ်မြေအိတ် ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် မီးခံအုတ်စက်ရုံသို့ရောက်ရှိပြီး တန်၆၃၀အုတ်ရိုက်စက် တည်ဆောက်မည့်နေရာနှင့် တည်ဆောက်မည့် အခြေအနေကို စက်ရုံမှူးက ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တန် ၃၅၀ အုတ်ရိုက်စက်နှင့် တန်၁၂၀၀ အုတ်ရိုက်စက်၏ အဆင့်မြင့်မီးခံအုတ် ထုတ်လုပ်နေမှု အခြေအနေနှင့်အုတ်ရိုက်စက်မှ ထွက်ရှိလာသော မီးခံအုတ်စိမ်းများကို လည်းကောင်း၊ အခြောက်ခံ မီးဖိုမှထွက်ရှိလာသော မီးခံအုတ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

စက်ဘီးစက်ရုံ(ကျောက်ဆည်)

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်ဘီးစက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး စက်ဘီးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ ကောင်းမွန်သေသပ် လှပသော အစိတ်အပိုင်းများအဖြစ် ထုတ်လုပ်ကြရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် စက်ဘီးစက်ရုံ(ကျောက်ဆည်)မှ စမ်းသပ်တီထွင် ထုတ်လုပ်သည့် လက်မ ၂၀ လျှပ်စစ်သုံး စက်ဘီး၊ ပုံစံသစ်များဖြင့် စမ်းသပ်ထုတ်လုပ်ထားသော လျှပ်စစ်စက်ဘီး၊ ပေါင်းလိုက်ကိရိယာ၊ ကလေးစက်ဘီး အရွယ်အစား အမျိုးမျိုးနှင့် ထုတ်လုပ်ထားသော စက်ဘီးများ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းသက်သာပြီး ပြည်ပသွင်းကုန် အစားထိုးပစ္စည်းများအဖြစ် ပိုမိုထုတ်လုပ်ကြရန် မှာကြားသည်။

အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်)

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)သို့ရောက်ရှိပြီး ပုံလောင်း၊ ပုံထောင်းနေမှု၊ သံရည်ကျိုခြင်းနှင့် သံပုံထောင်းနေမှု၊ ပြင်ပ စက်ရုံများမှ မှာယူထုတ်လုပ်ထားသောပစ္စည်းများနှင့် Industrial Sewing Machine စက်ပစ္စည်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော အပ်ချုပ်စက်ခေါင်းများနှင့် စက်ခေါင်းများ၏ အရည်အသွေးကောင်းမွန်မှုကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအကြိုက် အရည်အသွေးကောင်းမွန်သော အပ်ချုပ်စက်ခေါင်းများ ထုတ်လုပ်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) ရှင်းလင်းဆောင်၌ မန္တလေးမြို့ပေါ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနစက်ရုံမှူးများနှင့် ကျောက်ဆည်စက်ရုံများနယ်မြေမှ စက်ရုံမှူးများအား တွေ့ဆုံသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ကျောက်ဆည်ဘိလပ်မြေစက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ အပ်ချုပ်စက်စက်ရုံ၊ ဖိနပ်စက်ရုံများမှ စက်ရုံမှူးများက ကုန်ထုတ်လုပ်မှု ရည်မှန်းချက်၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ အရိပ်ရအပင်များ စိုက်ပျိုးမှုနှင့် စက်ရုံ၏ စီမံအုပ်ချုပ်မှုအခြေအနေများကို ဆွေးနွေး တင်ပြကြသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဝန်ကြီးက ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ အောင်မြင်အောင် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မူဝါဒနှင့်ညွှန်ကြားချက်များကိုအတိအကျ လိုက်နာဆောင်ရွက်ကြရန်၊ ကုန်ထုတ်လုပ်မှုကို ရည်မှန်းချက်ထက် ပိုမိုထုတ်လုပ်အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ကျေးရွာအရောက်ရောင်းချ

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိစစ်ဆေးပြီး ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန်နှင့် ဈေးကားများဖြင့် ကျေးရွာအရောက် ရောင်းချသွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင် မြန်မာ ရဟန်းတော်များ ၏အဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် ကျောင်းအလှူရှင် စင်ကာပူနိုင်ငံ မြန်မာကျောင်း ဆရာတော် အရှင်တိလောကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ မေ့မိတ်ဆွေများ လှူဒါန်းသည့် ကျောင်းအလှူတော်ငွေ စင်ကာပူဒေါ်လာ ၃၅၃၉ ဒေါ်လာနှင့် အမေရိကန်ဒေါ်လာ ၈၀တို့ကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)ရှေ့မှောက်၌ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်၏ ပညာရေးဆိုင်ရာမူဝါဒများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့ များနှင့် ပူးပေါင်း

နေပြည်တော် မေ ၂၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၉ ရက် နံနက်ပိုင်းက မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ပါမောက္ခချုပ် ဦးလှသိန်းက မိတ္ထီလာတက္ကသိုလ်၏ သင်ကြားရေး၊ သုတေသနလုပ်ငန်း၊ ပညာရေးအညွှန်းကိန်း ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပညာရေး အညွှန်းကိန်းများ မြင့်မားရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းများ၊ အဝေးသင်တက္ကသိုလ် အောင်ချက်နိမ့်ဘာသာရပ်များ အောင်ချက်မြင့်မားရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပါမောက္ခဌာနမှူးများက အဝေးသင်တက္ကသိုလ် အောင်ချက်မြင့်မားရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မိတ္ထီလာတက္ကသိုလ်၌ ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံပညာအထက်တန်းဆင့် ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းသို့ ရောက်ရှိပြီး သင်ကြားပို့ချမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

အားပေးစကားပြောကြား

ဆက်လက်၍ဝန်ကြီးသည် အဝေးသင်တက္ကသိုလ်ကျောင်းသားများ ရုက္ခဗေဒ လက်တွေ့လေ့လာ သင်ယူနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားများအား အားပေးစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ ကျောင်းအုပ်ကြီး ဒေါ်ခင်မြသက်က ကောလိပ်၏လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ သင်တန်းဖွင့်လှစ်ပို့ချမှု အခြေအနေများနှင့် သင်ကြားသင်ယူမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချလျက်ရှိသော မိတ္ထီလာခရိုင် အခြေခံပညာ အလယ်တန်းပြဆရာများ သင်ကြားရေး မွမ်းမံသင်တန်းသို့ ရောက်ရှိပြီး သင်ကြားပို့ချမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အခြေခံပညာအထက်တန်းဆင့် ဘောဂဗေဒဘာသာပြ ဆရာများ မွမ်းမံသင်တန်း တက်ရောက်လျက်ရှိသော ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ အရည်အသွေးပြည့်ဝရေး၊ သင်ထောက်ကူပစ္စည်းအသုံးပြုသင်ကြားရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယပါမောက္ခချုပ်ဒေါက်တာစန်းလွင်က သင်ကြားသင်ယူမှု၊ပညာရေး အညွှန်းကိန်း၊ သုတေသနလုပ်ငန်း၊ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေး၊ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပညာရည်မြင့်မားရေးဆိုင်ရာ ပညာရေးအညွှန်းကိန်းများ မြင့်မားအောင် ဆောင်ရွက်ရန် နည်းလမ်းများကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

တွေ့ဆုံပွဲ

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် မန္တလေးမြို့ရှိ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲကို မေ ၁၉ရက်တွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံပွဲကို မေ ၂၀ရက်တွင်လည်းကောင်းမန္တလေးမြို့ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲများတွင် ဝန်ကြီးအား ရှေးဦးစွာ အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တွေ့ဆုံပွဲ တက်ရောက်သူများက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်တွင် ကျောင်းအပ်နှံရေးလုပ်ငန်းများ ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိမှု၊ ရန်ပုံငွေထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသုံးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးက နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မူဝါဒများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရေး၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး တို့ကို ဆွေးနွေးမှာကြားပြီးအခြေခံပညာ မူလ တန်းအဆင့် အခမဲ့ပညာသင်ကြားရေး စနစ်အရ လိုအပ်သည့် ကျောင်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းများဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက ရန်ကင်းမြို့နယ် အမှတ် (၉) ရပ်ကွက်ရှိ အင်ကြင်းမြိုင်လမ်းနှင့် စိန်ပန်းမြိုင်လမ်းတို့၌ ကံဘဲ့ချောင်းကို ဖြတ်၍ သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သစ္စာလမ်း ရေရှည်တံတားကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့ အတွက် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းဆုံ အနီးနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းဆုံ အနီး သစ္စာလမ်းကိုအကြီး စားပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကို လည်းကောင်း**(အပေါ်ပုံ)**၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းရေရှည် တည်တံ့ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေး တို့အတွက် ကျောက်ရေတွင်း မီးရထားခုံးကျော်တံတားအနီး သုဓမ္မာလမ်းကိုအကြီးစား ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ သွားရောက်ကြည့်ရှုစစ်ဆေးရာအင်ဂျင်နီယာဌာန(လမ်းနှင့် တံတား)ခေတ္တဌာနမှူး ဦးစိုးမြိုင်နှင့် သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

မြို့တော်ဝန်ကလုပ်ငန်းများ ဆောင်ရွက်ရာတွင်စနစ်တကျဖြင့် သွက်လက်မြန်ဆန်မှု ရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ လုပ်ဆောင်ကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

23-5 (12) 1 5/22/07, 1:42 PM

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ၏ အနာဂတ်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ချယ်လ်ဆီးမှ ပြောင်းရွှေ့တော့မည့် သတင်းများထွက်နေသော **ဒရော့ဘာ။** (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၂၂

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအပြီး ချယ်လ်ဆီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကို ရယူသွားခဲ့ပြီး နောက်ပိုင်းတွင် ကလပ်ဘောလုံးအသင်းများအကြား လူပ်ခတ်ခဲ့သူမှာ **ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ** ပင်ဖြစ်သည်။

သဘောကျ

အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲတွင် အချိန်ပို မိနစ်၃၀ ကစားချိန် ပြီးလုပြီးခင်မှာပင် အနိုင်ဂိုးသွင်းယူသွားခဲ့သူ ဒရော့ဘာ၏ ဂိုးသွင်းသွားမှုကို ဥရောပကလပ်အသင်း မန်နေဂျာများ သဘောကျခဲ့ခြင်းဖြစ်သည်။

တစ်ဖက်အသင်း ဂိုးသမားကို ကျော်ပြီး ညာခြေဖြင့် အသာမကာ ဂိုးသွင်းသွားမှုမှာ ကောင်းမွန်လှသည်ဖြစ်ရာ ဒရော့ဘာ၏ ဂိုးသွင်းစွမ်းရည်အပေါ် သဘောကျခဲ့ခြင်းဖြစ်သည်။

ဂိုးသွင်းနိုင်

အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲ၌ ချယ်လ်ဆီးကို ဖလားရရှိအောင် ကြိုးစားပေးခဲ့သော ဒရော့ဘာသည် တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း၌ အကောင်းဆုံးဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူး တစ်ဦးဖြစ်ကြောင်း ပြသသွားခဲ့သည်။

ဒရော့ဘာ၏ ဂိုးသွင်းသွားမှုနှင့် ပတ်သက်၍ မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားရာတွင် **"ဒရော့ဘာဟာ တကယ်အံ့သြစရာကောင်းတဲ့ ကစားသမားတစ်ဦးပါ။ သူဟာ အရေးကြီးတဲ့ ဂိုးတွေကို သွင်းပေးနိုင်သလို အဆုံးအဖြတ်ပွဲစဉ်တွေမှာ သူဂိုးသွင်းလေ့ရှိပါတယ်။ အက်ဖ်အေဖလား ဗိုလ်လုပွဲမှာ သူသွင်းခဲ့တဲ့ဂိုးဟာ တကယ့်ကို အဆင့်အတန်းရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒရော့ဘာကို မန်ယူရောက်လာအောင် ခေါ်ချင်ပါတယ်"** ဟု ပြောကြားခဲ့သည်။

မတုံ့ပြန်

ထိုသို့ မန်ယူနည်းပြ ဖာဂူဆန်၏ ပြောကြားမှုကို ဒရော့ဘာက မည်သို့မျှ တုံ့ပြန်မပြောကြားခဲ့ချေ။ မန်ယူအသင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မပြောကြားမှုမှာ ဒရော့ဘာသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် အစီအစဉ်မရှိကြောင်း ဒရော့ဘာ၏ အေးဂျင့်က ပြောကြားသည်။

ဆွေးနွေး

ထို့အတူ အီတလီ စီးရီးအေကလပ် အေစီမီလန်ကလည်း **"ဒရော့ဘာကို ကျွန်တော်တို့ခေါ်ယူဖို့ စတင်ကြိုးစားနေပါတယ်။ သူဟာ တကယ်အဆင့်မြင့်တဲ့ တိုက်စစ်မှူးတစ်ဦးပါ။ သူ့မှာ တိုက်စစ်မှူးတစ်ဦးရဲ့ ကြံ့သလို ဂိုးသွင်းတတ်တဲ့စွမ်းရည် ရှိနေသလို ဂိုးသွင်းခြေမှန်သူ တစ်ဦးလဲ ဖြစ်ပါတယ်။ အခုဆိုရင် ဒရော့ဘာ အေးဂျင့်နဲ့ ကျွန်တော်တို့ ဆွေးနွေးမှု စတင်နေပြီဖြစ်ပါတယ်"** ဟု ပြောကြားနေသည်။

ဒရော့ဘာအားခေါ်ယူရန် ကြိုးစားနေသူများတွင် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့လည်း ပါဝင်နေကြောင်း၊ ဒရော့ဘာအေးဂျင့်က ပြောကြားသည်။ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့မှာ တိုက်စစ်မှူးကောင်းများ ရှိနေသော်လည်း အဆုံးသတ်သေချာသော ဒရော့ဘာကို အလိုရှိနေကြခြင်းဖြစ်သည်။

အသက် (၂၉) နှစ် အရွယ်ရှိပြီး ပြင်သစ်ကလပ်များဖြစ်သော ဂိုင်ဂမ့်နှင့် မာဆေးတို့တွင် ကစားခဲ့ဖူးသော ဒရော့ဘာသည် ချယ်လ်ဆီးသို့ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ရောက်ရှိလာသူဖြစ်သည်။

ဂိုးများသွင်း

ဒရော့ဘာ ချယ်လ်ဆီးသို့ စတင်ရောက်ရှိသည့် နှစ်မှာပင် ချယ်လ်ဆီးအတွက် စုစုပေါင်း ၁၆ ဂိုးသွင်းယူပေးနိုင်ခဲ့သလို ချယ်လ်ဆီးအား ပရီမီယာလိဂ်ဖလား ရယူပေးနိုင်ခဲ့သည်။ ထို့အတူ ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင်လည်း ချယ်လ်ဆီးအတွက် စုစုပေါင်း ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဆောင်ကြဉ်းနိုင်

ယခုနှစ် ၂၀၀၆-၂၀၀၇ ပရီမီယာလိဂ်ဘောလုံးရာသီတွင် ဒရော့ဘာသည် ဂိုးပေါင်း ၂၀ သွင်းယူပေးထားသည်။ ချယ်လ်ဆီးတွင် တန်ဖိုးကြီးမားစွာ ပေးဝယ်ခဲ့သော ရှက်ဗ်ချင်ကိုနှင့် မိုက်ကယ်ဘောလက်တို့ထက် ချယ်လ်ဆီးအသင်းအား အဖိုးတန်ရလဒ်များ ရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

ယခုအချိန်တွင် ဒရော့ဘာက **"မိမိ၏ ဘောလုံးသမားဘဝကို တစ်နေရာတည်းနှစ်မြှုပ်မထားနိုင်ကြောင်း နောက်ထပ် ဘောလုံးအသင်းတစ်သင်းသို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း"** တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ဖန် ထိုသို့ပြောင်းရွှေ့ကစားမှသာ အတွေ့အကြုံကောင်းများ ရရှိမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားနေသည်။

ထို့ကြောင့် ချယ်လ်ဆီးကလပ်အမှုဆောင်လူကြီးများအနေဖြင့် ဒရော့ဘာကို ထိန်းချုပ်ရန် ဆွေးနွေးမှုများပြုလုပ်နေပြီး အသင်း၌ဆက်လက်ထားရှိရန် ကြိုးစားနေသော်လည်း ဒရော့ဘာက ချယ်လ်ဆီးမှ ထွက်ခွာရန် ပြောကြားနေပြီဖြစ်ရာ ဒရော့ဘာ၏ အနာဂတ်သည် မည်သို့ ဖြစ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဝါရင့်ကွင်းလယ်ကစားသမား လီကာစလေအား အဲဗာတန်က တစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။**

* ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုက ဘောလုံးသမားဘဝ သက်တမ်းမကုန်မီ အမေရိကန်သို့ သွားရောက်ကစားရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

* **ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့သည် မေ ၂၀ရက်က ပွဲစဉ်များအပြီး ရမှတ် ၆၉မှတ်စီဖြင့် စပိန်လာလီဂါအမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်နေကြသည်။**

* စတီဗင်ဂျရတ်နှင့် ကာရေဂါတို့အား လီဗာပူးက ချန်ပီယံလိဂ်ဗိုလ်လုပွဲမယှဉ်ပြိုင်မီ စာချုပ်သစ် ချုပ်ဆိုရေးအတွက် ကြေညာပေးမည်မဟုတ်ဟု ဆိုလိုက်သည်။

(အင်တာနက်)

ချန်ပီယံလိဂ် ဗိုလ်လုပွဲအတွက် အန်ဆယ်လော့တီနှင့် ဘင်နီတက်ဇ်တို့ ပြောစကား

လန်ဒန် မေ ၂၂

ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲကို မေ ၂၃ ရက်**(ယနေ့)**တွင် အေစီမီလန်နှင့် လီဗာပူးတို့ ဂရိနိုင်ငံ အေသင်မြို့ အိုလံပစ်အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်ရာ အေစီမီလန်အသင်းနည်းပြ အန်ဆယ်လော့တီက လီဗာပူးအသင်းနှင့်ပတ်သက်ပြီး ပြောကြားရာတွင် **"လီဗာပူးအသင်းဟာ မထင်မှတ်တာတွေလုပ်တတ်တာမို့ ကျွန်တော်တို့ သတိထားပြီးကစားသွားရပါလိမ့်မယ်၊ ဒီပွဲကိုအနိုင်ရအောင် ကစားသွားကြဖို့အတွက် ကျွန်တော့်ကစားသမားတွေကို ပြောကြားထားပြီးဖြစ်ပါတယ်။ အမှန်အတိုင်းဝန်ခံရလျှင် လီဗာပူးအသင်းရဲ့ စိတ်ဓာတ်ကို ကျွန်တော်လေးစားပါတယ်။ တစ်သင်းလုံး ဇွဲရှိရှိနဲ့ကစားနိုင်ကြတယ်။ ပွဲပြီးတဲ့အထိ တစ်သမတ်တည်း စိတ်ဓာတ်နဲ့ ကစားတာကတော့ အတုယူစရာပါ၊ ဒါပေမယ့် လီဗာပူးကို ဘယ်လိုကစားရင် ကျွန်တော်တို့ အသာစီးရနိုင်တယ်ဆိုတာ သိထားပါတယ်။ ဘယ်လိုရလဒ်ထွက်လာမလဲဆိုတာကတော့ ကံတရားနဲ့ ကြိုးစားအားထုတ်မှုတွေအပေါ် တည်နေပါတယ်။ ကျွန်တော့်အနေနဲ့က ၂၀၀၅ ခုနှစ်ကပွဲလောက် စိတ်မပူတာတော့ အမှန်ပါပဲ"**ဟု အန်ဆယ်လော့တီက ပြောကြားသွားသည်။

ထို့အတူ လီဗာပူးအသင်းအား ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်အောင် ခက်ခက်ခဲခဲ ဖြတ်သန်းပို့ဆောင်ပေးထားသော လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကလည်း ချန်ပီယံလိဂ် ဗိုလ်လုပွဲနှင့်ပတ်သက်၍ ပြောကြားရာတွင် **"အသင်းလိုက်စုစည်းမှုအား ကောင်းသထက်ကောင်းအောင် တည်ဆောက်ထားတယ်။ ပြိုင်ဘက် အေစီမီလန်ဟာ ၂၀၀၅ ခုနှစ်က ကျွန်တော်တို့ အနိုင်ယူခဲ့တဲ့ အေစီမီလန်မဟုတ်တော့ပါဘူး၊ သူတို့ဟာ အကောင်းဆုံး အနေအထားရှိနေပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ မန်ယူနဲ့ကစားခဲ့တာဟာ သူတို့ ခြေကုန်ထုတ်ကစားသွားတာပါ။ ဒီပွဲတွေမှာ သူတို့ရဲ့ကစားပုံတွေ၊ ကစားအားတွေနဲ့ တိုက်စစ်၊ ခံစစ်နဲ့ ကွင်းလယ်ပိုင်းတွေကအစ ကျွန်တော် လေ့လာထားပါတယ်။ ဒီပွဲဟာ ကျွန်တော်တို့အတွက် တစ်သင်းလုံးညီညွတ်မှ အောင်မြင်နိုင်မယ်ဆိုတာ ကစားသမားအားလုံးကို ပွင့်ပွင့်လင်းလင်းပဲ ပြောကြားထားတာမို့ တကယ့်ကိုအကြိတ်အနယ်ရှိမယ့် ပွဲပါပဲ။"**

ထို့အပြင် တိုက်စစ်အပိုင်းနှင့်ပတ်သက်၍လည်း ဘင်နီတက်ဇ်က **"ပီတာခရော့ချ်က ချန်ပီယံလိဂ်မှာ ဂိုးသွင်းကောင်းသူပါ၊ ဂျရတ်နှင့် ဆစ်ဆိုကိုတို့ကလည်း တိုက်စစ်နှင့် တောင်ပံတွေကို လိုက်ပါပေးကြမှာမို့ ပြဿနာမရှိပါဘူး"**ဟု ပြောကြားသွားသည်။

လီဗာပူး၏ တိုက်စစ်သည် အေစီမီလန်ထက် အားနည်းသည်ဟု ဝေဖန်မှုများကို ဘင်နီတက်ဇ်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားသွားခြင်းဖြစ်သည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ် အိုဝင်ဟားဂရေ့ဗ်အား လက်ကမ်းကြိုဆို

လန်ဒန် မေ ၂၂

အင်္ဂလန်ကစားဖော် အိုဝင်ဟားဂရေ့ဗ် အိုးထရက်ဖို့ဒ်သို့ ဆက်သွယ်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်မိကြောင်း မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်က ပြောကြားလိုက်သည်။

အသက် (၂၆)နှစ်ရှိ ဟားဂရေ့ဗ်အား မန်ယူတွင် အဓိက ကစားသမားအဖြစ်မြင်တွေ့လိုကြောင်း၊ ၎င်းသည် ကွင်းလယ်ကစားရန် မိမိနှင့်ပို၍အတွဲလိုက်ဖက်လိမ့်မည်ဖြစ်ကြောင်း အသက်(၂၅)နှစ်ရှိ မိုက်ကယ်ကာရစ်က ပြောကြားသည်။

မိုက်ကယ်ကာရစ်သည် စပါးအသင်းမှမန်ယူသို့ ပေါင် ၁၈ ဒသမ ၆သန်းဖြင့် ပြောင်းရွှေ့ခဲ့ရာ ပထမရာသီတွင် ပွဲ ၅၀ကစားခဲ့ပြီးဖြစ်သည်။

(အင်တာနက်)

အိုဝင်ဟားဂရေ့ဗ်(ဝဲ)နှင့် မိုက်ကယ်ကာရစ်။
(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယို ၁၀၀၀မြောက် ဂိုးသွင်းယူ

ရီယိုဒီဂျနေးရိုး မေ ၂၂

ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယိုက ဘောလုံးသမားဘဝ သက်တမ်းတစ်လျှောက် ဂိုးပေါင်း ၁၀၀၀ သွင်းယူနိုင်ခဲ့ပြီဖြစ်ကြောင်း မေ၂၀ရက်က ရီယိုဒီဂျနေးရိုး၌ ပြောကြားလိုက်သည်။

ရိုမာရီယိုသည် ယင်းကဲ့သို့ ဂိုးပေါင်း ၁၀၀၀ သွင်းပြနိုင်ခြင်းသည် ဂန္ထဝင်ဘောလုံးသမား ပီလီကဲ့သို့ ကျော်ကြားလာမည်ဖြစ်သည်။

သို့သော်လည်း အဆိုပါဂိုးများတွင် ချစ်ကြည်ရေးပွဲများ၊ ခြေစမ်းပွဲများနှင့် လူငယ်ဘဝက ကစားခဲ့စဉ်ဂိုးများလည်းပါဝင်ကြောင်း အသက် (၄၁) နှစ်ရှိ ရိုမာရီယိုက ဝန်ခံပြောကြားသည်။

ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယို။
(ဓာတ်ပုံ-အင်တာနက်)

သွင်းယူ

ရိုမာရီယိုသည် အဆိုပါ ၁၀၀၀မြောက်ဂိုးကို ဗတ်စကိုဒဂါးမားအသင်းနှင့် စပို့အော့ရက်စီဖေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့စဉ် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းဂိုးသွင်းပြီးနောက် ရုပ်မြင်သံကြားသတင်းထောက်များ ဝိုင်းအုံလာပြီး ၎င်းမိသားစုများနှင့်အတူ ထူးထူးခြားခြား ဘဝတွင် အောင်ပွဲခံခဲ့သည်ဟုဆိုသည်။

ထိုသို့အောင်ပွဲခံနေသဖြင့် ပြိုင်ပွဲကိုပြန်မစနိုင်ဘဲ ၁၆မိနစ်ကြာ ဆိုင်းငံ့ထားရသည်ဟုဆိုသည်။ **(အင်တာနက်)**

တိုက်စစ်မှူး ပီတာခရော့ချ် ကြောက်စရာကောင်းဟု ကာကာဆို

အေသင် မေ ၂၂

ဂရိနိုင်ငံ အေသင်မြို့ အိုလံပစ်အားကစားပြိုင်ပွဲ၌ မေ ၂၃ရက်(ဗုဒ္ဓဟူးနေ့)ညတွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အေစီမီလန်အသင်းအနေဖြင့် လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်ကိုသာ စိုးရိမ်မိကြောင်း အေစီမီလန်တိုက်စစ်မှူး ကာကာက ပြောကြားလိုက်သည်။

ကာကာနှင့် ၎င်း၏ကစားဖော်များသည် ယင်းဗိုလ်လုပွဲတွင် အနိုင်ရရှိရန်မျှော်လင့်ထားကြသော်လည်း တိုက်စစ်မှူး ပီတာခရော့ချ်၏ အားပြင်းသောခေါင်းတိုက်ဂိုးများကို စိုးရိမ်မိသည်ဟုဆိုသည်။

ပီတာခရော့ချ်သည် လေထဲတွင်ဖော့ခုန်၍ ကစားရာ၌ ကြောက်စရာအကောင်းဆုံး တိုက်စစ်မှူးဖြစ်ကြောင်း၊ ၎င်းသည် အရပ်ရှည်ရှည်ဖြင့် ခေါင်းတိုက်သွင်းယူရာမှာလည်း အခွင့်အလမ်းပိုရကြောင်း ကာကာက ပြောကြားသည်။

မစိုးရိမ်

အေစီမီလန်အသင်းအနေဖြင့် ၂၀၀၅ ခုနှစ်က ရှုံးကြေးကိုဆပ်ရန်မှာလည်း စိုးရိမ်ခြင်းမရှိကြောင်း၊ အေစီမီလန်တို့ ခုနစ်ကြိမ်မြောက် ဥရောပချန်ပီယံဖြစ်လိုကြောင်း ကာကာက ပြောကြားသည်။

ကာကာသည် ယခုနှစ်ချန်ပီယံလိဂ်တွင် အေစီမီလန်အသင်းအတွက် ၁၀ ဂိုး သွင်းယူ ပေးထားသူဖြစ်သည်။ **(အင်တာနက်)**



တိုက်စစ်မှူး ကာကာ(ဝဲ)နှင့် ပီတာခရော့ချ်။
(ဓာတ်ပုံ-အင်တာနက်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဖမိုင်ခွဲနေ
ဦးမြင့်ဆွေ(ဒုတိယညွှန်ကြားရေးမှူး၊ဆည်မြောင်းဦးစီးဌာန)-ဒေါ်ကြည်ကြည်ဝင်း
တို့၏သားငယ်

မောင်ဝင်းထူးအောင် **B.Sc (Physics)**

နှင့်

ရန်ကုန်မြို့၊ ရွှေတောင်ကုန်းရိပ်သာနေ
ဒေါက်တာဦးသန်းထွဋ်(ဒု-ဆရာဝန်ချုပ်၊ မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်ရင်ရင်မေတို့၏
တစ်ဦးတည်းသောသမီး

မကြေးမုံထွဋ်

B.Sc (Physics); B.Sc (Hons:) Computing & Information Systems (UK)

တို့၏ ၁၉-၅-၂၀၀၇ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Mr. Chen Chen (a) ကိုခင်စိန် (Head of Political Section)နှင့်ဇနီး Mrs.Ni Hong Wei ၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဦးဘသန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဝန်ထမ်းရေးရာဦးစီးဌာန)နှင့်ဇနီး ဒေါ်ခင်မိမိ(ကထိက၊ ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)တို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်သက်ဝါ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော ဦးခင်မောင်သိန်း(ဝန်ကြီး၊ ငြိမ်း)နှင့်ဇနီး ဒေါ်စုစုသိန်း၊ (ဗိုလ်မှူးချုပ်လွန်းမောင်)၏ဇနီး ဒေါ်ရွှေသက်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၅-၂၀၀၇ရက်တွင် ရွှေတောင်ကုန်းနေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး ပေးပါသော ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ထွေးမြင့်၊ မင်္ဂလာညှော်ခံပွဲမင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မကြာဖြူပွင့်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးသော မအိအိခိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော မဇီဇဝါအောင်ဇော်လှ၊ သတို့သားအရံ မောင်လင်းသိန်းမောင်၊ မောင်ရဲရင့်မင်းမောင်၊ သတို့သမီးအရံ မချိုသဲကြည်၊ မခင်ခင်ထွေး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ စန္ဒရားသိန်းမြင့်သန်း၊ မင်္ဂလာဝတ်စုံနှင့် အလှမိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဗီဒီယို မှတ်တမ်းတင် စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးကြသော အန်တီမိုး(မြင့်သရဖူ)၊ အန်တီနီလာ(နီလာရတနာ)၊ မချောစု(စိမ်းလန်းစိုပြည်)၊ ဦးရဲမြင့်(လက်ထောက်ညွှန်မှူး၊ ငြိမ်း)နှင့် ဆည်မြောင်းအဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ဝင်းထူးအောင်-မကြေးမုံထွဋ်။

စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန်းနီမြို့၊ အမှတ် ၁၆၊ (၄)ရပ်ကွက်နေ
ဦးမောင်မောင်-ဒေါ်နန်းကြည်ညွှန့်တို့၏သား၊
စင်ကာပူနိုင်ငံနေ
Dr.စိုင်းကျော်ရွှေ (Managing Director-Ngwe Kachin Group Co., Ltd.)-ဒေါ်သန်းသန်းထွေး
တို့၏တူ/သား

စိုင်းအွန်ခေး(ခ)စိုင်းနောင့်

Managing Director-(Shwe Paing Phyo General Trading Co., Ltd.)

နှင့်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက် ၈(၀၁)နေ
ဦးကျော်ဝင်း(Genius Guitar Shop)-ဒေါ်လှဝင်းကြည်တို့၏သမီး၊
ဒေါ်နီနီလွင်(ကထိက၊ ရက္ခဗေဒဌာန၊ ဟင်္သာတတက္ကသိုလ်)တို့၏တူမ

မမေမီကျော်ဝင်း **B.Sc (Chem)**

တို့ကို ၂၂-၅-၂၀၀၇ရက်တွင် Sedona Hotel၌ နှစ်ဖက်သောမိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ဒုတိယဦးစီးမှူး ဒေါ်နုနုခိုင်၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းခြင်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
စိုင်းအွန်ခေး-မမေမီကျော်ဝင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမင်းမင်းသက် နိုင်ငံကူးလက်မှတ်နံပါတ် ၆၂၄၄၅၂၊ မှတ်ပုံတင်နှင့် အရေးကြီးသည့် စာရွက်စာတမ်းများ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၅၇၇၀၉၅။

BBS U HLA BU'S TOEFL
တန်းသစ် May 28, တန်းသစ် June 18 စမည် ph 220403
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ (သီတာရုံအနီး)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇူလိုင်ဦး၏ နိုင်ငံကူးလက်မှတ်အမှတ် ၈၇၃၆၄၉ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၆၁-၆၅၅၆၃ သို့ အကြောင်းကြားပေးပါ။

အဲယားကွန်း
အဟောင်းအပျက်များ
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၀-၂၂၇၈၀။

Ruby ကားစီးလုံးငှားသည်
503176, 725317
မြို့တွင်း/မြို့နယ်ရှိ လချုပ်၊ ခရီးအနီး/အဝေး အလှူ၊ မင်္ဂလာဆောင်အတွက် ကားမျိုးစုံကိုငှားရမ်းနိုင်ပါသည်။ ယာဉ်အိမ်၊ မြေပိုင်ရှင်များလည်းဆက်သွယ်ပါ။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်အမှတ် ၂၈၊ အခန်း ၉ နေ
(ဦးတင်လှ-ဒေါက်တာ ဒေါ်တင်အေး)တို့၏သားကြီး

မောင်လှခိုင်
B.Com, C.P.A
BBA-Accounting, MPA-Information System
(Georgia State University)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ နန္ဒဝန်လမ်း၊ အမှတ် ၂၆ နေ
[ဦးအောင်သိန်း-ဒေါ်သောင်းတင်(ခ)ဒေါ်ရှမ်း]တို့၏သမီး

မမြမြစိုး
B.Com, C.P.A

တို့သည် ၁၇-၄-၂၀၀၇ရက်တွင် တရားရုံးချုပ်(ရန်ကုန်)ဦးစီးအရာရှိ ဒေါ်လှကြည်(ခ) ဒေါ်ဝင်းဝင်းခိုင်၏ရှေ့မှောက်တွင် လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လှခိုင်-မမြမြစိုး။

ဥဒါန်းသစ်စာပေ
ညိုလွှမ်းအောင်
ချစ်သူ၏ သမုဒယကောက်ကြောင်း
ထွက်ပြီ

Caustic Soda Flake
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် Caustic Soda (Flake) ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်-

တင်ဒါပိတ်ရက် - ၇-၆-၂၀၀၇

ပစ္စည်းအမည်	**အရေအတွက်**	**တင်ဒါအမှတ်**
Caustic Soda (Flake)	တန် ၆၀	၀၃/၂၀၀၇

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေး)
(က) နေပြည်တော် ဖုန်း-၀၆၇-၄၀၈၂၇၆၊
(ခ) အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း-၀၁-၅၆၁၀၅၄။

ဦးအောင်ဟိန်းကျော် -Translation
သီးသန့်တန်းဖွင့်ပြီ
အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စာရေးနည်း • အခြေခံမှစ၍ရေးတတ်အောင်သင်သည်
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ ရန်ကုန်။ Ph- 09-5171841

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက်မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

အမည်ပြောင်း

အထက(၁) မင်္ဂလာဒုံ တက္ကသိုလ်ဝင်တန်း(A)မှ အဖ ဦးကျော်ဌေး၏သား မောင်ဗိုလ်ကိုကိုအား မောင်မျိုးအောင်ကျော်ဟု ခေါ်ပါရန်။
မောင်မျိုးအောင်ကျော်။

အမည်ပြောင်း

ဦးရန်လင်းနိုင်၏သမီး အထက (၄) ဗိုလ်တထောင် ပထမတန်း(A) အောင်မှ မသိမ့်သူဇာအား မစိမ့်ထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မစိမ့်ထက်နိုင်။

အမည်ပြောင်း

အဖ ဦးမင်းစိန်၏သမီး ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အထက(၃)၊ ဆဋ္ဌမတန်း(A)တွင် ပညာသင်ကြားလျက်ရှိသော မအယ်လာမင်းမင်းမော်အား မမေသက်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မမေသက်ခိုင်။

အမည်ပြောင်း

အဖ ဦးမောင်မောင်ခိုင်၏သား အထက(၂)ဗိုလ်တထောင် နဝမတန်းမှ မောင်ရဲဖြိုးခိုင်အား ယနေ့မှစ၍ မောင်ရွှေဖြိုးဟု ပြောင်းလဲခေါ်ပါရန်။
မောင်ရွှေဖြိုး။

မိုးလေဝသအခြေအနေ

(၂၃-၅-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။

ပြည်နယ်နှင့်တိုင်းဒေသအချို့၌လေပြင်းတိုက်ခတ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

ရန်ကုန် မေ ၂၂

စစ်ကိုင်းတိုင်း ရေဦးမြို့နယ်၌ ယခုရက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းအချို့ ရေကျော်ခြင်း၊ လယ်ကေအချို့ ရေနစ်မြုပ်ခြင်း ရှိခဲ့သော်လည်း လယ်မြေများပျက်စီးမှုမရှိကြောင်း။

ကူညီဆောင်ရွက်ပေး

ကနီမြို့နယ် တအုံအနောက်ကျေးရွာ၌ နေအိမ်အချို့ရေထဲမျောပါသွားကြောင်း၊ ကင်းကျေးရွာတွင်မိုးသည်းထန်မှုကြောင့် မြေပြိုကျသဖြင့် လူတစ်ဦးသေဆုံးပြီး၊ တစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်လင်ခရိုင် လဲချားမြို့နယ်၌ မေ၁၉ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်တံတားအချို့ ပြိုကျသွားသဖြင့် ယာဉ်ငယ်များသာသွားလာနိုင်ပြီး ယာဉ်ကြီးများသွားလာ၍ မရတော့သဖြင့် တာဝန်ရှိသူများက ပြင်ဆင်လျက်ရှိကြောင်း။

ရေဝင်နစ်မြုပ်

လယ်ဝေးမြို့နယ် ကြံခင်းစုကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မေ ၂၀ရက်တွင် လူနေအိမ်အချို့ လေးပေခန့် ရေဝင်နစ်မြုပ်ခြင်း၊လယ်မြေအချို့ ရေနစ်မြုပ်ခဲ့ခြင်းများရှိခဲ့ကြောင်းနှင့် တာဝန်ရှိသူများက နေအိမ်များ ရွှေ့ပြောင်းရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်တို့၌ မေ ၁၄ရက်တွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံအချို့ ပျက်စီးပြီး လူနှင့်တိရစ္ဆာန်အချို့ ပျောက်ဆုံးမှုကြောင့် ရှာဖွေလျက်ရှိကြောင်း။

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ဒူးယားကျေးရွာ၌လည်း မေ၂၀ရက်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပြိုကျပျက်စီးမှုများ ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KMD Since 1986 Computer Centre
သင်တန်းအပ် လက်ခံနေပါပြီ။
ကွန်ပျူတာစာစီ/စာရိုက်လုပ်ငန်းများအတွက်
Desktop Publishing Course
[Duration 80 Hours]
Computer Operator
ကောင်းတစ်ယောက်ဖြစ်လိုလျှင်
ကြော်ငြာဒီဇိုင်းများဖန်တီးနိုင်ရန်အတွက်
Graphic Design Course
[Duration 80 Hours]
Graphic Designer
ကောင်းတစ်ယောက်ဖြစ်လိုလျှင်
[illegible]

တာချီလိတ်မြို့ ရေကြီးရေလျှံခြင်းမှ ကာကွယ်ရန် အဓိကချောင်းကြီးများ ဖြစ်သည့် နမ့်ယွန်းချောင်း၊ ဆန်ဆိုင်းချောင်းတို့ကို စက်ယန္တရားကြီးများ အသုံးပြု၍ သဲနုန်းများ၊ အမှိုက်များတူးဖော် ဆယ်ယူခြင်းလုပ်ငန်းကို ဒေသခံမြို့မိမြို့ဖများ ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်က တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

လွိုင်ကော် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ပြည်နယ်၊ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ ပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဘော်လခဲခရိုင်၊ လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရှာသစ်မြို့များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ပြန်ကြားရေးဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်တို့၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် လွိုင်ကော်ခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦး၊ ဘော်လခဲ ခရိုင်ဦးစီးအရာရှိ ဦးအေးမင်းနှင့် ဒုတိယဦးစီးမှူးများက မိမိတို့ခရိုင်နှင့် မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်၊ လိုအပ်ချက်များကို တင်ပြကြရာ လက်ထောက်ညွှန်ကြား ရေးမှူးက ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဧပြီ ၁၃ ရက်က ပေါက်တောမြို့သို့ ရေဖြန့်ဝေပေးလျက်ရှိသော နတ်တောင် ပြင်ဆည်တာပေါင် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်သူများ ခရီးသွားလာရေး လွယ်ကူစေရေးအတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မေ ၈ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေးမြင့်ခိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

အမှိုက်သရိုက်များ ရှင်းလင်း

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်)ဦးတင်မိုး ဦးဆောင်သော သန့်ရှင်းရေး ဝန်ထမ်းများ ရဲဖြတ်လမ်း ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် နုန်းမြေများ သယ်ယူခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ပြန်/ဆက် လ/ထညွှန်မှူး ရွှေတောင်ရိုး ဝန်ထမ်းများနှင့်တွေ့ဆုံ အလင်းသစ်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု ကြည့်ရှု

ရွှေတောင် မေ ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ပြည်ခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင် တို့သည် မေ ၉ ရက် နံနက်က ရွှေတောင် မြို့နယ်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ ကာ ရုံးချုပ်အစည်းအဝေး တွင် ပြန်ကြားရေးဝန်ကြီး ၏ မှာကြားချက်များနှင့် ညွှန်ကြားရေးမှူးချုပ် ၏ မှာကြားချက်များ ထပ်ဆင့် ရှင်းလင်းပြီး မြို့နယ်ရုံး လုပ်ငန်းကို စစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် ဆည်ကြီးကုန်းအုပ်စု ဖိုးခေါင်းကျေးရွာ အလင်းသစ် စာကြည့်တိုက်သို့ သွားရောက်၍ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမျိုးဝင်း၊စာကြည့်တိုက် ကော်မတီဝင်များနှင့် စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေး ကိစ္စများ ဆွေးနွေးကာ အလင်းသစ် စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၉ ရက်
၂၄-၅-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသည့် အပ်ချုပ်စက်ရုံ-ကျောက်ဆည်အကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဗုဒ္ဓမြတ်စွာအပေါ် ကမ္ဘာကျော် ပုဂ္ဂိုလ်များအမြင်(ကိုရင်ဩ)
(၂) အိပ်မက်လမ်းဆုံး (သဲအောင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ဆေးပညာအတွက် ခေတ်မီရိုးရာဆေးဝါးကုထုံးများ-ပထမပိုင်း) (မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (ဒူးရင်းသီး)
၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၆း၄၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ပဲခူးမြို့က ဆီစက်လုပ်ငန်း)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မောင့်စိတ်ကူးလေး ကောင်းပါရဲ့လား (သန်းဖေလေး)
(၂) မောင့်စိတ်ကူးလေး ကောင်းရဲ့သားနဲ့ (တင်မိုးခိုင်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အသိနှင့်ယှဉ်၍)
၁၉း၃၅ ခေတ်မရွေးသောတေး
(၁) ချစ်သောအညာမြေ (ကိုရဲဝင်း)
(၂) ချစ်သူတို့လျှောက်သော လမ်းကလေး (တင်တင်မြ)
(၃) ဖူးစာ (ကိုအံ့ကြီး)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဇရာ (ကိုမင်းနောင်)
(၂) မောင့်ချစ်စကား (ခင်လေးညို)
(၃) ချစ်သူ့ကိုယ်စား (ကိုကျော်ညွှန့်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးဆိုင်ခန်း အမိုးနှင့် ဆိုင်ခန်းတံခါးများ ဆေးသုတ်ခြင်းကို ဧပြီ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်၊ အင်ဂျင်နီယာမှူး ဦးအောင်နိုင်နှင့် ဒုတိယဦးစီးမှူး ဦးသက်တင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ မြဝတီမြို့၌ ရှေးဦးသူနာပြုသင်တန်းဆင်း

မြဝတီ မေ ၂၀

ကရင်ပြည်နယ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ရှေးဦးသူနာပြုစုခြင်း (အခြေခံ အဆင့်)သင်တန်းအမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲကို မေ ၈ရက် နံနက် ၉နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသား ကြက်ခြေနီ မောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်က အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ညွှန့်က ကမ္ဘာ့ကြက်ခြေနီနေ့အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထူးချွန်ဆု

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားများအား တာဝန်ရှိသူများက ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာအတွက် မေ ၁၀ ရက်က မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းနေ ဦးဘိုးမောင်သင်း-ဒေါ်သင်းစိန် မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကော်မတီဝင် ဒေါ်မြင့်မြင့်စိုးက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မစန်းစန်းငြိမ်း ငါးနှစ်ပြည့်၊ မိခင်ဒေါ်ရှုကျင် ၁၄နှစ်ရှစ်လပြည့်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၁၈၉ မြေညီထပ်နေ ညီမ၊ သမီး မစုစုကြည်၊ ကိုအောင်ကျော်တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို ဝိနယကောဝိဒ ဆရာတော် ဘဒ္ဒန္တ အရိယဓမ္မထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲ တောင်ကြီးမြို့၌ ကျင်းပ

တောင်ကြီး မေ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ၂၀၀၇ခုနှစ် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ ပန်းချီနှင့် ကွန်ပျူတာ ပိုစတာပြိုင်ပွဲ (အလွတ်တန်း)ကို မေ ၁၇ ရက်နှင့် ၁၈ ရက်တို့က တောင်ကြီးမြို့ ကွန်ပျူတာ တက္ကသိုလ်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်ကြည့်ရှု အားပေးသည်။

အဆိုပါ ပန်းချီနှင့်ပိုစတာ ပြိုင်ပွဲများသို့ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် ပြင်ပမှ ကွန်ပျူတာ ပန်းချီပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(က-ပ)**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး မဟာစည်သာသနာ့ရိပ်သာ အတွင်း၌ ဘဒ္ဒန္တဝိစာရိန္ဒ မဟာစည်နာယက သာယာကုန်းဆရာတော် ဦးဆောင်၍ တည်ဆောက်လျက်ရှိသော မဟာစည်သိမ်ကျောင်းတော်နှင့် ရွှေတိဂုံပုံတူဘုရား တည်ထားကိုးကွယ်ရန်အတွက် ရန်ကုန်မြို့ ကျောက်မြောင်း အောင်မင်္ဂလာလမ်း (ဦးလှဘော်)-ဒေါ်ကျင်သန်းမိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ မန်တုံမြို့၌ လုပ်ငန်းဆိုင်ရာများ ရှင်းလင်း

မန်တုံ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေသည် အတွင်းရေးမှူး ဒေါ်မျိုးမျိုးသန်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွယ်တို့နှင့်အတူ မေ ၆ရက် နံနက်ပိုင်းက မန်တုံမြို့နယ် ဟိုခိုကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌသည် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မန်တုံမြို့ ဒေသခံပြည်သူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်က အဖွဲ့ဝင်အဆိုပြုလွှာများကို ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက လက်ခံယူသည်။

ထောက်ပံ့

ထို့နောက် တက်ရောက်လာကြသူများအား အိုင်အိုဒင်းဆားထုပ်များနှင့် အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးထုပ်များကို အခမဲ့ထောက်ပံ့ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မေ ၂၉ရက်က ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အင်ဂျင်နီယာများ ရွှေဒါးကျေးရွာနှင့် ကန်အောက်ကျေးရွာ ဆက်သွယ်ထားသည့် ကျေးလက်လမ်း ထိန်းသိမ်းမှုနှင့် လမ်းဘေးဝဲယာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးတင်လှိုင် မေ ၇ရက်က ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဦးဥတ္တမလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

သာသနာပြုကျောင်းတော်ကြီးအတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၂၂

ချင်းပြည်နယ်တွင် သာသနာပြုလုပ်ငန်းများ အောင်မြင်လျက်ရှိသော ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက် ပဓာနနာယက ချင်းတောင်တန်း သာသနာပြုဆရာတော် ဘဒ္ဒန္တ တေဇောသာရ (ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်)သည် ချင်းပြည်နယ်မှ ဓမ္မာစရိယတန်းရောက် တိုင်းရင်းသားရဟန်း၊သာမဏေများ သီတင်းသုံး ပညာသင်နိုင်ရန်အတွက် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ကြီးကို တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် (၃၁၄)တာမွေဈေးအနီးတွင် ဆောက်လုပ် သာသနာပြုလျက်ရှိသည်။

တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် (၃၃၇)နေ ဖခင်ဦးမောင်ဉာဏ်-မိခင်ဒေါ်ခင်စန်းရီ၊ မောင်လေး သော်ဇင်ဉာဏ်တို့အား ရည်စူး၍ မမာလာဉာဏ်နှင့်မောင်နမတစ်စုတို့က ကျောင်းတော်ကြီးမုခ်ဦးဆောက်လုပ်ရန် အလှူငွေကျပ် ၁၆သိန်း၊ တောင်ဒဂုံ စက်မှုဇုန် (၆၄) ရပ်ကွက်နေ ဦးဒီလုံး-ဒေါ်သိန်းစု မိသားစုက ငွေကျပ်သုံးသိန်း၊ သဃ်န်းကျွန်း ပြည်ထောင်စုရိပ်မွန်နေ သံမှူးကြီး ဒေါ်သန်းသန်းဌေးကငွေကျပ် သုံးသိန်း၊ တာမွေကျိုက္ကဆံလမ်း အမှတ် (၂၈၈) ခုနစ်လွှာနေ ကိုသန်းလွင်-မမာမာအေး၊ သမီးမသက်ထားဇင်၊ မအေးငြိမ်းမိုး မိသားစုက ငွေကျပ်သုံးသိန်း၊ တာမွေ ဓမ္မဝိဟာရလမ်း အမှတ်(၂၀)နေ ဦးအောင်မြင့်-ဒေါ်ဖွားကြည်မိသားစုက ငွေကျပ်သုံးသိန်း၊ ကျားကွက်သစ်ရပ် မင်္ဂလာလမ်း အမှတ်(၁၅)နေ (ဦးနေဝင်း)-ဒေါ်စန်းစန်းမိုး၊ သားနေလင်းဦး၊ သမီး မကြည်နူးဖြူစင်မိသားစုကငွေကျပ်သုံးသိန်း၊ ပဲခူးမြို့ ဘိုကုန်းရပ် စိန္တာမယလမ်းနေ ဦးတင်မြင့်-ဒေါ်မြင့်သန်း မိသားစုတို့က ငွေကျပ်သုံးသိန်းတို့ကို သာသနာပြု ဆရာတော်ထံ လှူဒါန်းခဲ့ကြသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသော စေတနာရှင်များသည် ချင်းတောင်တန်း သာသနာပြုဆရာတော် ဖုန်း-၀၉-၅၀၁၁၄၂၀၊ ၀၁-၅၄၅၁၅၃ (ရန်ကုန်)နှင့် ဖုန်း-၀၇၀-၂၁၁၃၂ (ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြင်းမူ၌ အကြိုအခြေခံ မီးသတ်သင်တန်းဆင်း ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်

မြင်းမူ မေ ၁၂

မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနက ဦးစီး၍ အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၇) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၇ ရက် ညနေ ၅ နာရီက မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ၌ ကျင်းပသည်။

ရေဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးသန်းဝင်းတို့က သင်တန်းတွင် ထူးချွန်သူ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၅ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူလတန်းဆင့်သင် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်

ကွန်ဟိန်း မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်အတွင်း မူလတန်းဆင့်သင် ဆရာ၊ ဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၂၃ရက် နံနက် ၈နာရီက အထကကျောင်းခန်းမဆောင်တွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး **(အပေါ်ပုံ)** မြို့နယ်ပညာရေးမှူး ဦးစိုင်းလှရှိန်က သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ၊ ကလေးဗဟိုပြု ချဉ်းကပ်နည်း၊ ကလေးစစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းနှင့် ဝေဖန်သုံးသပ်နိုင်မှု ဦးတည်သည့် စဉ်ဆက်မပြတ်အကဲဖြတ်၍ စစ်ဆေးတိုင်းတာမှုစနစ်ကို မှန်ကန်စွာကျင့်သုံးလာနိုင်စေရန်စသည့် သင်တန်း ဘာသာရပ်ဦးတည်ချက်များကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါသင်တန်းတွင် နည်းပြဆရာငါးဦးနှင့် မူလတန်းဆင့်သင် ဆရာ၊ ဆရာမ ၈၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မေ ၁၄ရက်က ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဦးမြဝါဖြတ်လမ်း ကတ္တရာလမ်းခင်းခြင်း (မြို့ပြ) ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွှန့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန် လည် ထွက် ခွာ တော့ မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Jasvinder Singh Chopra နှင့် စစ်သံမှူး အသစ်အဖြစ် တာဝန်ထမ်းဆောင် မည့် Col. Manoj Mukund Narvane တို့အား နေပြည်တော် ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူးများအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံစစ်သံမှူး Col. Jasvinder Singh Chopra နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Manoj Mukund Narvane တို့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ ***စာမျက်နှာ ၃ ကော်လံ ၆ ✻***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံစစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Manoj Mukund Narvane အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန် ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံစစ်သံမှူး Col. Jasvinder Singh Chopra အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မြန်မာဘုန်းတော်ကြီးကျောင်းများသည် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေသူ မြန်မာတို့၏ ဒါနကုသိုလ်ကြောင့် ခရီးသွားဧည့်သည်များအတွက် အမြဲတမ်းထမင်းအိုးကြီးများဖြစ်သလို မြန်မာတိုင်းသည် အမြဲကုသိုလ်ပြု လှူဒါန်းကူညီချင်သူများဖြစ်ကြောင်း ကမ္ဘာက သိစေချင်လှပါ၏။

အောင်ဆွေဦး(အမ်ဂျီအက်စ်-မော်ဘီ)၏ ပုံပြင်မဟုတ်ပါ ဆောင်းပါး (စာ - ၄)

မိုးရွာသွန်းလေသမျှ

(၂၂-၅-၂၀၀၇)

ဟင်္သာတ	၃ ဒသမ ၈၆ လက်မ
ဝ	၃ ဒသမ ၅၈ လက်မ
စစ်တွေ	၃ ဒသမ ၄၇ လက်မ
ညောင်လေးပင်	၃ ဒသမ ၄၇ လက်မ
ရွှေကျင်	၃ ဒသမ ၀၃ လက်မ